The Mon Forum
HUMAN RIGHTS NEWSLETTER

အတွဲ(၁၀) ၊ အမှတ်(၈) ၊ ဩဂုတ်လ ၃၁၊ ၂၀၂၅

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ ထုတ်ဝေသည်

# အစုလိုက်အပြုံလိုက်ဖမ်းဆီးမှုများ လုပ်ဆောင်ပြီး စစ်မှုထမ်း သင်တန်းသား စုဆောင်းနေသည့် စစ်ကော်မရှင်



ဩဂုတ် ၁၈၊ ၂၀၂၅

မကြာမီဖွင့်လှစ်မည့် စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၆) အတွက် သင်တန်းသားများ ရရှိရန် စစ်ကော်မရှင်သည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ အသက် (၂၀) မှ (၄၀) ကြားရှိ လူငယ်အမျိုးသားများကို အကြောင်းမဲ့ အစုလိုက်အပြုံလိုက် ဖမ်းဆီးကာ တပ်သားသစ်စုဆောင်းလာနေသည်။

ဆက်လက်ဖတ်ရှုရန် ........... စာမျက်နှာ (၄) သို့ >>>>


## Hots News

### ပုလောတွင် တိုက်ပွဲကြောင့် အရပ်သားပြည်သူ (၂၀) ခန့် သေဆုံးပြီး ထောင်ချီ စစ်ဘေးရှောင်နေရ




စာမျက်နှာ ၇

### မွန်တွင် လက်သည်မပေါ်သင့် သတ်ဖြတ်မှုကြောင့် ဒေသခံ (၁၆) ဦး ထက်မနည်း သေဆုံးခဲ့ရ



စာမျက်နှာ ၉

### မွန်ပြည်သစ်ပါတီက အခွန်နှုန်းထားကို အဆမတန် တိုးမြှင့်လိုက်သည့်အတွက် ဒေသခံများ အကြပ်အတည်းဖြစ်



စာမျက်နှာ ၁၁

## အတွင်းဘက်မှာ ဖတ်ရှုရန်

1. မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ မြေမြှုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်
စာမျက်နှာ- ၁၃

2. ၂၀၂၅ ဇန်နဝါရီလမှ ဩဂုတ်လအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၄

3. ၂၀၂၅ ဇန်နဝါရီလမှ ဩဂုတ်လအထိ ဒရုန်းနှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ စာရင်း
စာမျက်နှာ- ၁၅

4. မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ် ၊ ကရင်ပြည်နယ် တနင်္သာရီတိုင်း ဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်း
စာမျက်နှာ- ၁၇ မှ ၃၆

HUMAN RIGHTS FOUNDATION OF MONLAND (HURFOM)
www.rehmonnya.org

# ခြိမ်းခြောက်မှုနှင့် စိန်ခေါ်မှုများ ရှိနေသော်လည်း ရည်မှန်းချက်ပန်းတိုင်ကို လက်လျှော့မည်မဟုတ်

## (၂၀၂၅ ဩဂုတ်လအတွက် အယ်ဒီတာ့အာဘော်)

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက မွန်လူထုအသံစာစဉ် အတွဲ (၁၀) အမှတ် (၈) ကို ထုတ်ဝေလိုက်ပါသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံတောင်ပိုင်း မွန်၊ ကရင်နှင့် တနင်္သာရီ ဒေသများတွင် ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို မှတ်တမ်းတင်ကောက်ခံ စုဆောင်းပြီး အင်တာနက်နှင့် လူမှုကွန်ရက်စာမျက်နှာများမှတဆင့် ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိသည်။ ၎င်းပြင် မွန်လူထုအသံစာစဉ်ကိုလည်း တစ်လတစ်ကြိမ် ထုတ်ဝေလျက် ရှိသည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအနေဖြင့် တစ်လလျှင် လူ့အခွင့်အရေးချိုးဖောက်မှု သတင်းပေါင်း (၄၀) မှ (၅၀) ကျော်ကြားအထိ ပြည်သူလူထုကို ပုံမှန်တင်ပြလျက်ရှိပြီး ၂၀၂၅ ဩဂုတ်လတွင် မြို့နယ် (၁၅) မြို့နယ်မှ လူ့အခွင့်အရေးချိုးဖောက်မှုသတင်းအပုဒ် (၃၀) ကျော်ကို ပြည်သူများထံသို့ အသိပေးတင်ပြခဲ့သည်။

လွတ်လပ်ရေးရပြီးနောက်ပိုင်း မြန်မာနိုင်ငံကို အာဏာရှင်အစိုးရ သို့မဟုတ် စစ်အစိုးရကသာ အများစုအုပ်ချုပ်ခဲ့ကြသည်။ ဒီမိုကရေစီအရေးတက်ကြွလှုပ်ရှားသူများ၊ လူ့အခွင့်အရေးကာကွယ် မြှင့်တင်သူများနှင့် သတင်းထောက်များသည် အန္တရာယ်အရှိဆုံးအလုပ်ကို လုပ်ကိုင်နေကြသူများ ဖြစ်သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းကို ၁၉၉၅ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး လူ့အခွင့်အရေး ကာကွယ်စောင့်ရှောက်ခြင်းနှင့် ထိန်းသိမ်းမြှင့်တင်ခြင်းတို့ကို ယနေ့အချိန်အထိ တစိုက်မတ်မတ် လုပ်ဆောင်လာခဲ့သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းအောက်တွင် လူ့အခွင့်အရေးတက်ကြွလှုပ်ရှားသူများ၊ သတင်းထောက်များနှင့် စေတနာ့ဝန်ထမ်းများ လုပ်ကိုင်လျက်ရှိသည်။

အာဏာသိမ်းပြီးနောက်ပိုင်း တရားဥပဒေစိုးမိုးရေး ပျက်သုဉ်းလာသည့်အပြင် လက်နက်ကိုင် တပ်ဖွဲ့အသစ်များကလည်း ပေါ်ပေါက်လာသည်။ စစ်တပ်က လူနေကျေးရွာအနီးတဝိုက်တွင် တပ်စွဲနေသကဲ့သို့ တော်လှန်ရေးတပ်ဖွဲ့များကလည်း လူနေကျေးရွာများအနီးတွင် သွားလာလှုပ်ရှားလာသည်။

ဒေသခံပြည်သူများသည် လက်နက်ကိုင်အဖွဲ့တစ်ခုမဟုတ်တစ်ခုနှင့် နီးကပ်စွာ နေထိုင်နေရပြီး အဆိုပါလက်နက်ကိုင်တပ်ဖွဲ့များ၏ ခြိမ်းခြောက်အနိုင်ကျင့်မှုကိုလည်း တစ်ပါတည်း ခံစားနေရသည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည်လည်း အလားတူပင် ဖြစ်သည်။

အာဏာသိမ်းပြီးကာစ မော်လမြိုင်တွင် ရုံးစိုက်ဆဲကာလတွင် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းထံသို့ သတင်းဓာတ်ပုံမျှဝေခဲ့သည့် အမျိုးသမီးတစ်ဦးကို ကျေးရွာအုပ်ချုပ်ရေးမှူးက ဆင့်ခေါ်ခြိမ်းခြောက်ခဲ့သည်။ အဆိုပါ

အမျိုးသမီး၏ လုံခြုံရေးကို ဦးစားပေးသည့်အနေဖြင့် မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ဗမာဘာသာ သတင်း တင်ဆက်မှုကို နှစ်အတန်ကြာ ရပ်နားခဲ့ရသည်။

ထိုင်းမြန်မာနယ်စပ်သို့ ပြောင်းရွှေ့ပြီးနောက်လည်း လက်နက်ကိုင်တပ်ဖွဲ့များ၏ သတိပေး ခြိမ်းခြောက်ခြင်းကို မကြာခဏ ခံခဲ့ရသည်။ အဖွဲ့အစည်း၊ သတင်းထောက်နှင့် အချက်အလက် မျှဝေသူတို့၏ ဘေးအန္တရာယ်ကင်းရှင်း ရေးကို ရှေးရှုသောအားဖြင့် သတင်းအချို့ကို အင်တာနက်စာမျက်နှာမှ ဖြုတ်ချပေးခဲ့ရသည်။

ယခုဩဂုတ်လတွင်လည်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသို့ သတင်းဓာတ်ပုံမျှဝေသူ အမျိုးသမီးတစ်ဦးကို လက်နက်ကိုင်အဖွဲ့အစည်းတစ်ခုက ဖမ်းဆီးခြိမ်းခြောက်ခဲ့သည်။ အချက်အလက်မျှဝေသူ ဘေးအန္တရာယ်ကင်းရှင်း ရေးအတွက် မွန်ပြည်လူ့အခွင့်အရေး ဖောင်ဒေးရှင်းက တတ်စွမ်းသမျှ လုပ်ဆောင်ခဲ့သည်။

စစ်တပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များသည် လက်နက်ကိုင်ရသည့် ရည်ရွယ်ချက်ခြင်း မတူညီသော်လည်း လူ့အခွင့် အရေးအပေါ်ထားရှိသည့် ၎င်းတို့၏ရပ်တည်ချက်များသည် ထူးမခြားနားပင် ဖြစ်သည်။

ခြိမ်းခြောက်မှုများနှင့် စိန်ခေါ်မှုများ မည်သို့ပင်ရှိစေကာမူ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ခြင်းနှင့် ပြစ်ဒဏ် ကင်းလွတ်ခွင့်အလေ့အထ အဆုံးသတ်စေခြင်းဟူသော ရည်မှန်းချက်ပန်းတိုင်းသို့ ရောက်ရှိရန် မွန်ပြည်လူ့အခွင့် အရေးဖောင်ဒေးရှင်းက ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်သည်။

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် သတင်းအချက်အလက်ကောက်ခံစုဆောင်းခြင်းနှင့် သတင်းထုတ်ပြန်ခြင်းမှ တဆင့် စစ်တပ်က ၎င်းတို့ကျူးလွန်ထားသည့် လူ့အခွင့်အရေး ချိုးဖောက်မှုများအတွက် ပြစ်ဒဏ်ကင်းလွတ်ခွင့်ရနေသည့် အလေ့အထကို ချိုးဖျက်ရပ်တန့်ရန် လည်းကောင်း၊ မြန်မာနိုင်ငံတွင် စစ်မှန်သောငြိမ်းချမ်းရေးရရှိရန်နှင့် စစ်မှန်သောဖက် ဒရယ် ဒီမိုကရေစီစနစ်ပေါ်ထွန်းရန်လည်းကောင်း ရည်ရွယ်ပါသည်။

အယ်ဒီတာအဖွဲ့
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း
၂၀၂၅ ဩဂုတ်





# အစုလိုက်အပြုံလိုက်ဖမ်းဆီးမှုများ လုပ်ဆောင်ပြီး စစ်မှုထမ်း သင်တန်းသား စုဆောင်းနေသည့် စစ်ကော်မရှင်

**ဩဂုတ် ၁၈၊ ၂၀၂၅**

မကြာမီဖွင့်လှစ်မည့် စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၆) အတွက် သင်တန်းသားများ ရရှိရန် စစ်ကော်မရှင်သည် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းရှိ အသက် (၂၀) မှ (၄၀) ကြားရှိ လူငယ် အမျိုးသားများကို အကြောင်းမဲ့ အစုလိုက်အပြုံလိုက် ဖမ်းဆီးကာ တပ်သားသစ်စုဆောင်းလာ နေသည်။

ဇူလိုင်လ (၂၆) ရက်နေ့တွင် မွန်ပြည်နယ် သထုံမြို့နယ် ပုတိမ်ရိုးကျေးရွာမှ အသက် (၁၈) နှင့် (၅၀) ကြားရှိ ဒေသခံ (၄၀) ကျော်ကို အစုလိုက်အပြုံလိုက် ဖမ်းဆီးကာ သထုံမြို့မရဲစခန်း၊ သိမ်ဆိပ်ရဲစခန်းနှင့် အမှတ် (၉) လေ့ကျင့်ရေးတို့တွင် ထိန်းသိမ်းထားသည်။

**“ရဲစခန်းကို သွားမေးတော့ အမှတ် (၉) တပ်ကို ပို့လိုက်ပြီ ပြောတယ်။ ပြန်လွတ်စေချင်ရင် စစ်မှုထမ်းလူစား ပေးရမယ် ပြောတယ်။ ကျန်တာ ပြောလို့မရဘူး ပြောတယ်”** ဟု မိသားစုဝင် များနှင့် နီးစပ်သူတစ်ဦးက ပြောသည်။

ဩဂုတ်လ (၉) ရက်နေ့တွင်လည်း မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် သိမ်ဇရပ်မြို့ “လိုရာဖြည့်” လူမှုကူညီရေးအသင်းရုံးတွင် လာရောက်ခိုလှုံနေသည့် အသက် (၁၈) မှ (၃၇) နှစ်ကြားရှိ စစ် ရှောင်အမျိုးသား (၁၅) ဦးကို အစုလိုက်အပြုံလိုက် ဖမ်းဆီးခဲ့ပြန်သည်။

၎င်းတို့ကို သိမ်ဇရပ်အခြေစိုက် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းတွင် ထိန်းသိမ်းထားပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

၎င်းပြင် ယခုရက်ပိုင်းအတွင်း အသက် (၂၀) မှ (၃၀) ကြားရှိ လူငယ်လူရွယ် (၃၀) ထက်မနည်းကို မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘီးလင်း - တောင်စွန်းကားလမ်းပေါ်တွင် အကြောင်းမဲ့ဖမ်းဆီးခဲ့သည်။

"ညနေပိုင်း အလုပ်ပြန်ချိန်မှာ ပိုဖမ်းတယ်။ တစ်နေရာတည်း ဖမ်းတာ မဟုတ်ဘူး။ နေရာရွှေ့ပြီးလိုက်ဖမ်းနေတာ။ ရိုက်နှက်ပြီးဖမ်းတာလည်း ရှိတယ်" ဟု တောင်စွန်းဒေသခံတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသည့်လူငယ်အများစုသည် တောင်စွန်း၊ သစ်တိုကျွန်း၊ ဇုတ်သုတ်၊ အနိုင်းပွန်နှင့် ဖွဲကလာကျေးရွာများမှ ဖြစ်ပြီး ၎င်းတို့ကို မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်သို့ ပို့ဆောင်ကာ မိသားစုဝင်များနှင့် အဆက်အသွယ် ဖြတ်တောက်ထားသည်။

ဇူလိုင်လ (၂၈) ရက်နေ့တွင်လည်း တနင်္သာရီတိုင်း ကော့သောင်းမြို့နယ် ဆယ်မိုင်းကျေးရွာအုပ်စုတွင် စစ်တပ်နှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ဧည့်စာရင်းစစ်မည်ဟုဆိုကာ အလုပ်သမား (၁၆) ဦးကို ဖမ်းဆီးသွားခဲ့သည်။

ဇူလိုင်လ (၃၀) ရက်နေ့ ညနေပိုင်းတွင်လည်း (၁၀) မိုင်ကျေးရွာအုပ်စု (၉) မိုင်၊ နောင်ရိုးကျောက်ကွင်းနှင့် တာညံ့ပါဒကျေးရွာများတွင် ဧည့်စာရင်းစစ်ကာ ကျောက်တွင်းလုပ်သားများနှင့် ရာဘာခြံအလုပ်သမားများကို ဖမ်းဆီးသွားခဲ့သည်။ ဖမ်းဆီးခံရသည့် လူဦးရေအတိအကျကို အတည်ပြုနိုင်ရန် စုံစမ်းနေဆဲ ဖြစ်သည်။

၎င်းပြင် ထိုင်းနိုင်ငံ ရနောင်းထိန်းသိမ်းရေးစခန်းမှ မြန်မာနိုင်ငံသို့ ပြန်ပို့လာသည့် လူငယ်လူရွယ်များကိုလည်း နေရပ်ပြန်ခွင့်မပေးဘဲ ကော့သောင်းအခြေစိုက် အမှတ် (၄၃၁) ခြေမြန်တပ်ရင်းသို့ ပို့ဆောင်ကာ ဖမ်းဆီးထိန်းသိမ်းထားသည်။

"ထိုင်းက ပြန်ပို့လာတဲ့သူတွေကို အသက် (၃၅) နှစ်အထက်ဆို ပြန်လွှတ်ပေးတယ်။ (၃၅) နှစ်အောက်ဆို စစ်မှုထမ်းဖို့ ခေါ်ထားတယ်။ ဘတ် (၂၅,၀၀၀) (၃၀,၀၀၀) လောက် ပေးနိုင်ရင်တော့ ပြန်လွှတ်ပေးတယ်" ဟု ကော့သောင်းဒေသခံတစ်ဦးက ပြောသည်။

ထားဝယ်မြို့အဝင်ရှိ ကမြောကင်းတံတား စစ်ဆေးရေးဂိတ်တွင် လူငယ်များကို ဖမ်းဆီးနေသကဲ့သို့ မြို့ပေါ်ရပ်ကွက်များတွင်လည်း ဧည့်စာရင်းစစ်မည်ဟုဆိုကာ အစုလိုက်အပြုံလိုက် ဖမ်းဆီးမှုများကို လုပ်ဆောင်နေသည်။

ဇူလိုင်လ (၈) ရက်နေ့တွင် လောင်းလုံးမြို့ခံလူငယ် (၇) ဦးကိုလည်းကောင်း၊ ဩဂုတ်လ (၅) ရက်နေ့တွင် အခြားလူငယ် (၄) ဦးကိုလည်းကောင်း ကမြောကင်းဂိတ်က ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်ခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းက သိရှိထားသည်။

ဩဂုတ်လ (၄) ရက်နေ့တွင်လည်း ထားဝယ်မြို့ ရှမ္မလည်ဆွဲ၊ တလိုင်းတိန်း၊ ဥသရုံရပ်ကွက်တို့တွင် ညှော့စာရင်းစစ်မည်ဟုဆိုကာ လူငယ် (၁၁) ဦးကို ဖမ်းဆီးခဲ့ပြီး ဩဂုတ်လ (၆) ရက်နေ့တွင် ၎င်းတို့ကို ထားဝယ်အခြေစိုက် အမှတ် (၁၂) ကုတင် (၁၀၀) စစ်ဆေးရုံတွင် ဆေးစစ်ကာ စစ်မှုထမ်းသင်တန်းသားအဖြစ် အဓမ္မစုဆောင်းခဲ့သည်။

"ဖမ်းဆီးပြီးမှ မိသားစုဝင်တွေဆီကို စစ်မှုထမ်းဆင့်ခေါ်စာ ပို့တာ။ ညှော့စာရင်းစစ်မယ်ဆိုပြီး နေအိမ်အထိ ပေါ်တာဝင်ဆွဲတာ" ဟု ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။

၂၀၂၅ ဇူလိုင်လအထိ ပြည်သူ့စစ်မှုထမ်းသင်တန်း အပတ်စဉ် (၁၅) အထိ ဖွင့်လှစ်ခဲ့ပြီး အပတ်စဉ် (၁၀) အထိ သင်တန်းပြီးဆုံးခဲ့သည်။ သင်တန်းပြီးဆုံးသူများကို ရှေ့တန်းစစ်မျက်နှာပြင်သို့ ချက်ချင်းပို့ဆောင်နေကြောင်း သိရသည်။





"ထိုင်းက ပြန်ပို့လာတဲ့သူတွေကို အသက် (၃၅) နှစ်အထက်ဆို ပြန်လွှတ်ပေးတယ်။ (၃၅) နှစ်အောက်ဆို စစ်မှုထမ်းဖို့ ခေါ်ထားတယ်။ ဘတ် (၂၅,၀၀၀) (၃၀,၀၀၀) လောက် ပေးနိုင်ရင်တော့ ပြန်လွှတ်ပေးတယ်"

# ပုလောတွင် တိုက်ပွဲကြောင့် အရပ်သားပြည်သူ (၂၀) ခန့် သေဆုံးပြီး ထောင်ချီ စစ်ဘေးရှောင်နေရ



**ဩဂုတ် ၁၉၊ ၂၀၂၅**

၂၀၂၅ ဇူလိုင်လတတိယအပတ်မှစ၍ တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့အနီးတွင် စစ်တပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ၎င်းတို့၏မဟာမိတ်တပ်ဖွဲ့များအကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။

စစ်တပ်က လက်နက်ကြီး၊ လက်နက်ငယ်နှင့် ဒရုန်းပစ်ခတ်တိုက်ခိုက်မှုများအပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်ခဲ့သဖြင့် သံဃာတောင် (၂) ပါးအပါအဝင် အရပ်သား (၂၀) ဦးထက်မနည်း သေဆုံးပြီး လူနေအိမ် အလုံး (၄၀) ထိခိုက်ပျက်စီးခဲ့သည်။

“စစ်တပ်က ပြည်သူတွေကိုလည်း ရမ်းသမ်းပစ်နေတာပဲ။ သိရသလောက်တော့ အနည်းဆုံး (၂) ယောက်တော့ ရမ်းသမ်းပစ်ခံရပြီး သေသွားတယ်။ တကယ်သေတာက ထုတ်ပြန်ချက်ထက်များတယ်။ ပုလောမှာ အိမ်ထောင်စုအတော်များများက (တိုက်ပွဲကြားမှာ) ပိတ်မိနေတယ်။ အရေအတွက် အတိအကျတော့ မသိဘူး” မျက်မြင်တစ်ဦးက ပြောသည်။

တိုက်ပွဲကြောင့် ပလမြို့နှင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူ (၅,၀၀၀) ကျော်သည်လည်း ထွက်ပြေးတိမ်းရှောင်နေရပြီး စစ်ရှောင်ကာလကြာမြင့်လာသည့်အတွက် မိကျောင်းသိုက်၊ သာ

မြိုင်ပြင်နှင့် ကျောက်ဖြူကျေးရွာများမှ စစ်ရှောင်ပြည်သူ (၃,၀၀၀) ကျော်သည် စားနပ်ရိက္ခာနှင့် အမိုးအကာအတွက် အကူအညီလိုအပ်နေသည်။

“ခုဆို တိုက်ပွဲဖြစ်နေတာ (၁) လနီးပါး ရှိနေပြီ။ ရိက္ခာဝယ်ရင်လည်း စစ်တပ်က စစ်ဆေးမေးမြန်းတယ်။ ဆန်လည်း အများကြီးသယ်ခွင့်မရှိတော့ စစ်ရှောင်တွေ စားဝတ်နေရေး ခက်ခဲလာတယ်။ မိုးတွင်းကာလဆိုတော့ ဆေးဝါးအကူအညီလည်း လိုနေတယ်” ဟု စစ်ရှောင်အရေးကို ကူညီပေးနေသူတစ်ဦးက ပြောသည်။


လက်ရှိတွင် စစ်သား (၂၀၀) နီးပါးသည် ပလမြို့ရှိ လူနေအိမ်များတွင် ဝင်ရောက်တပ်ဖွဲ့ထားပြီး မြို့ပတ်ဝန်းကျင်တွင် တော်လှန်ရေးတပ်များ လှုပ်ရှားနေသဖြင့် တိုက်ပွဲဖြစ်ပွားနေဆဲဖြစ်ကြောင်း ပုလောမြို့ခံတစ်ဦးက ပြောသည်။

၂၀၂၁ မှ ၂၀၂၅ အထိ ပုလောမြို့နယ်တွင် စစ်ရှောင်ပြည်သူ (၁၈,၅၀၀) အထိ ရှိပြီး အများစုသည် နေရပ်သို့ ပြန်လာနိုင်ခြင်း မရှိသေးကြောင်း သိရသည်။

“ခုဆို တိုက်ပွဲဖြစ်နေတာ (၁) လနီးပါး ရှိနေပြီ။ ရိက္ခာဝယ်ရင်လည်း စစ်တပ်က စစ်ဆေးမေးမြန်းတယ်။ ဆန်လည်း အများကြီးသယ်ခွင့်မရှိတော့ စစ်ရှောင်တွေ စားဝတ်နေရေး ခက်ခဲလာတယ်။ မိုးတွင်းကာလဆိုတော့ ဆေးဝါး အကူအညီလည်း လိုနေတယ်”



# မွန်တွင် လက်သည်မပေါ်သင့် သတ်ဖြတ်မှုကြောင့် ဒေသခံ (၁၆) ဦး ထက်မနည်း သေဆုံးခဲ့ရ



**ဩဂုတ် ၁၄၊ ၂၀၂၅**

၂၀၂၅ မတ်လမှ ဩဂုတ်လပထမအပတ်အထိ မွန်ပြည်နယ်တွင် လက်သည်မပေါ်သည့် သတ်ဖြတ်မှုပေါင်း (၁၂) ကြိမ် ဖြစ်ပွားခဲ့ပြီး အဆိုပါသတ်ဖြတ်မှုများအတွင်း ဒေသခံပြည်သူ (၁၆) ဦး သေဆုံးခဲ့ကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ အချက်အလက်များအရ သိရှိရသည်။

လက်သည်မပေါ်သည့် သတ်ဖြတ်မှုများသည် မုဒုံမြို့နယ်တွင် (၄) ကြိမ်၊ သံဖြူဇရပ်မြို့နယ်တွင် (၂) ကြိမ်၊ သထုံမြို့နယ်တွင် (၂) ကြိမ်၊ ဘီးလင်းမြို့နယ်တွင် (၁) ကြိမ်၊ ကျိုက်ထိုမြို့နယ်တွင် (၁) ကြိမ်၊ မော်လမြိုင်မြို့နယ်တွင် (၁) ကြိမ်နှင့် ရေးမြို့နယ်တွင် (၁) ကြိမ် စုစုပေါင်း (၁၂) ကြိမ် ဖြစ်ပွားခဲ့သည်။

လက်သည်မပေါ်သည့် သတ်ဖြတ်မှုများကြောင့် မုဒုံမြို့နယ်မှ အမျိုးသား (၆) ဦး၊ သံဖြူဇရပ်မြို့နယ်မှ အမျိုးသား (၂) ဦးနှင့် အမျိုးသမီး (၁) ဦး၊ သထုံမြို့နယ်မှ အမျိုးသား (၃) ဦး၊ ဘီးလင်းမြို့နယ်မှ အမျိုးသမီး (၁) ဦး၊ ကျိုက်ထိုမြို့နယ်မှ အမျိုးသား (၁) ဦး၊ မော်လမြိုင်မြို့နယ်မှ အမျိုးသား (၁) ဦးနှင့် ရေးမြို့နယ်မှ အမျိုးသား (၁) ဦး စုစုပေါင်း (၁၆) ဦး သေဆုံးခဲ့ရသည်။

ဩဂုတ်လ (၆) ရက်နေ့တွင် သံဖြူဇရပ်မြို့နယ် ထင်းရှူးကျေးရွာနေ လင်မယား (၂) ဦးသည် နဖူးတွင် သေနတ်ဒဏ်ရာဖြင့် ထင်းရှူးနှင့် လင်မသာကျေးရွာကြားတွင် သေဆုံးနေသည်ကို ရွာသားများက တွေ့ရှိခဲ့သည်။

"အပစ်ခံရတဲ့နေ့က သူတို့နှစ်ယောက် ဆိုင်ကယ်စီးလာတယ်။ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုက ရပ်ခိုင်းပြီး အဲ့နေရာမှာပဲ ပစ်သတ်လိုက်တယ်။ ဆိုင်ကယ်ကိုလည်း ယူသွားတယ်လို့ ကြားတယ်" ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ပစ်သတ်ခံရသည့်လင်မယားနှစ်ဦးသည် လောင်းကစားဝိုင်းများကို ဦးဆောင်ဖွင့်လှစ်နေသည့်အပြင် စစ်တပ်သတင်းပေးအဖြစ်လည်း လုပ်ကိုင်နေကြောင်း ပြောဆိုနေကြသော်လည်း သီးခြားအတည်ပြုချက် မရှိချေ။

"YPDF MSRF နဲ့ KNLA တို့နဲ့ ပူးပေါင်းနေတဲ့ RMA က လုပ်တာ မဟုတ်ဘူးဆိုတာ သေချာတယ်။ အခင်းဖြစ်တဲ့နေရာကိုလည်း ကျွန်တော်တို့ ဆင်းပြီး စစ်ဆေးခဲ့သေးတယ်" ဟု YPDF တပ်ရင်းမှူး ဗိုလ်ရန်နိုင်က ပြောသည်။

၂၀၂၁ အာဏာသိမ်းပြီးနောက်ပိုင်း တရားဥပဒေစိုးမိုးမှု ပျက်သုဉ်းလာသည့်အပြင် လက်နက်ကိုင်တပ်ဖွဲ့အသစ်များ ပေါ်ပေါက်လာကာ ဥပဒေပြင်ပသတ်ဖြတ်မှုများ ပိုမိုဖြစ်ပွားလာသည်။ သတ်ဖြတ်မှုပြီးနောက် ကျူးလွန်သူများကို သိရှိအရေးယူနိုင်ခြင်း မရှိဘဲ စစ်တပ်နှင့် တော်လှန်ရေးတပ်ဖွဲ့များအကြား အပြန်အလှန်စွပ်စွဲပုတ်ခတ်ခြင်းဖြင့်သာ အဆုံးသတ်လေ့ရှိသည်။

> **"အပစ်ခံရတဲ့နေ့က သူတို့နှစ်ယောက် ဆိုင်ကယ်စီးလာတယ်။ လက်နက်ကိုင်တပ်ဖွဲ့တစ်ခုက ရပ်ခိုင်းပြီး အဲ့နေရာမှာပဲ ပစ်သတ်လိုက်တယ်။ ဆိုင်ကယ်ကိုလည်း ယူသွားတယ်လို့ ကြားတယ်"**



# မွန်ပြည်သစ်ပါတီက အခွန်နှုန်းထားကို အဆမတန်တိုးမြှင့်လိုက်သည့်အတွက် ဒေသခံများ အကြပ်အတည်းဖြစ်

**ဩဂုတ် ၁၁၊ ၂၀၂၅**

မွန်ပြည်နယ် ရေးမြို့နယ် မွန်ပြည်သစ်ပါတီထိန်းချုပ်နယ်မြေ ရေးချောင်းဖျားဒေသရှိ စီးပွားရေးလုပ်ငန်းများအပေါ် နှစ်စဉ်ကောက်ခံနေသည့် အခွန်နှုန်းထားများကို မွန်ပြည်သစ်ပါတီက (၃) ဆမှ (၁၀) ဆအထိ တိုးမြှင့်ကောက်ခံလိုက်သည့်အတွက် ဒေသခံပြည်သူများ အခက်အခဲဖြစ်နေကြောင်း သိရသည်။

၂၀၂၄ ခုနှစ်အထိ ကွမ်းသီးဒိုင်တစ်ဒိုင်လျှင် (၁၀၀,၀၀၀) ကျပ်၊ ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်လျှင် (၃၀,၀၀၀) ကျပ်၊ မုန့်ဆိုင်တစ်ဆိုင်လျှင် (၂၀,၀၀၀) ကျပ်၊ ကွမ်းယာဆိုင်တစ်ဆိုင်လျှင် (၁၀,၀၀၀) ကျပ် ကောက်ခံနေရာမှ ၂၀၂၅ ခုနှစ်မှစ၍ ကွမ်းသီးဒိုင်တစ်ဒိုင်လျှင် (၅၀၀,၀၀၀) ကျပ်၊ ဆိုင်ကယ်ပြင်ဆိုင်တစ်ဆိုင်လျှင် (၁၀၀,၀၀၀) ကျပ်၊ မုန့်ဆိုင်တစ်ဆိုင်လျှင် (၂၀၀,၀၀၀) ကျပ်၊ ကွမ်းယာဆိုင်တစ်ဆိုင်လျှင် (၁၀၀,၀၀၀) ကျပ်အထိ တိုးမြှင့်ကောက်ခံနေသည်။

“အရင်က မုန့်ဆိုင်အသေးတွေဆို (၂) သောင်းဝန်းကျင်၊ စားသောက်ဆိုင်တွေဆိုရင် (၃) သောင်း ပေးရတယ်။ အခုနှစ်မှာ ကုန်ဈေးနှုန်းကလည်းတက် နိုင်ငံရေးကလည်း အခြေအနေမကောင်းတော့ ဈေးရောင်းကောင်းတဲ့အထဲ အခွန်ကလည်း (၂) သိန်း (၃) သိန်း ပေးနေရတယ်” ဟု ဒေသခံတစ်ဦးက ပြောသည်။

၎င်းပြင် မွန်ပြည်သစ်ပါတီက ဥယျာဉ်ခြံပိုင်ရှင်များထံမှ သီးနှံခွန်များအပြင် အခြားသယ်ယူပို့ဆောင်ခွင့်အခွန်များပါ ထပ်ပေါင်းကောက်ခံနေသဖြင့် ခြံပိုင်ရှင်များ အခက်တွေ့နေသည်။

“ဒူးရင်းတစ်ပင်ကို (၁) သောင်း ကောက်တယ်။ ကွမ်းသီးအလုံး (၁) သောင်းကို ဘယ်လောက်နှုန်း ကောက်တာရှိတာ။ အဲလိုသီးနှံခွန်ကို ကောက်ထားပြီးသားဆိုတော့ သယ်ယူခွန်ကို ကုန်သည်တွေဆီကနေပဲ ကောက်လေ။

အခုက ခြံရှင်တွေဆီကပါ ကောက်နေတယ်” ဟု ရေးချောင်းဖျားဒေသခံတစ်ဦးက ပြောသည်။

ဒေသတွင်းထွက်ကုန်များအပြင် ကုန်လမ်းနှင့် ရေလမ်းတို့မှ တင်သွင်းလာသည့် ကုန်ပစ္စည်းများအပေါ်တွင်လည်း မွန်ပြည်သစ်ပါတီက အခွန်ကောက်ခံလာကြောင်း မွန်လူထုအသံက သိရှိထားသည်။

“အရင်ကဆို ဘီးခွန်လောက်ပဲ ကောက်တယ်။ အခုကျတော့ တင်လာတဲ့ပစ္စည်းတွေပါ ကောက်တယ်။ ကုန်းလမ်းက ကုန်တွေကို ကောက်တော့ ရေလမ်းနဲ့ ပြောင်းတင်တယ်။ အဲဒါလည်း ထပ်ကောက်တာပဲ” ဟု ခြံသမားတစ်ဦးက ပြောသည်။

အခွန်နှုန်းထား အဆမတန်တိုးမြှင့်ခြင်းနှင့်ပတ်သက်၍ မွန်ပြည်သစ်ပါတီက ဒေသခံပြည်သူများကို တစ်စုံတရာ ရှင်းပြခြင်း မရှိချေ။ အုပ်ချုပ်ရေးရုံးက အကြောင်းကြားမှသာ ပေးဆောင်ရမည့်အခွန်နှုန်းထားကို ဒေသခံပြည်သူများက သိရှိကြခြင်း ဖြစ်သည်။



“အရင်ကဆို ဘီးခွန်လောက်ပဲ ကောက်တယ်။ အခုကျတော့ တင်လာတဲ့ပစ္စည်းတွေပါ ကောက်တယ်။ ကုန်းလမ်းက ကုန်တွေကို ကောက်တော့ ရေလမ်းနဲ့ ပြောင်းတင်တယ်။ အဲဒါလည်း ထပ်ကောက်တာပဲ”

# မွန်ပြည်နယ် ၊ ကရင်ပြည်နယ် ၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြေမြုပ်မိုင်းပေါက်ကွဲမှု ၊ ဒဏ်ရာအနာတရ နှင့် သေဆုံးသူအရေအတွက်

ဇန်နဝါရီလမှ ဩဂုတ်လအထိ ၂၀၂၅

| မွန်ပြည်နယ် | ကရင်ပြည်နယ် | တနင်္သာရီတိုင်း |
|---|---|---|
| ၆ | ၃ | ၈ |

အသက်သေဆုံး ၅

ထိခိုက်ဒဏ်ရာ ၂၆

၁၈


၈

၅


အမျိုးသား - ၁၇ ဦး(၁၄ ဦးဒဏ်ရာရ/ ၄ ဦးသေဆုံး) ၊ အမျိုးသမီး - ၈ ဦး(၇ ဦးဒဏ်ရာ၊ ၁ ဦးသေဆုံး)၊ ကလေးသူငယ် ၅ ဦးဒဏ်ရာ

# ၂၀၂၅ ဇန်နဝါရီကနေ ဩဂုတ်လအထိ လက်နက်ကြီးပစ်ခတ်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်

ဇန်နဝါရီလမှ ဩဂုတ်လအထိ ၂၀၂၅






ဒဏ်ရအနာတရ ရရှိသူ စုစုပေါင်း (၈၅) ဦး၊ အမျိုးသမီး(၂၇)ဦး၊အမျိုးသား(၃၆)ဦး၊ ကလေးသူငယ်(၂၂)ဦး





သေဆုံးသူ စုစုပေါင်း (၆၃) ဦး၊ အမျိုးသမီး(၁၈)ဦး၊အမျိုးသား(၃၇)ဦး၊ ကလေးသူငယ်(၈)ဦး


# ၂၀၂၅ ဇန်နဝါရီကနေ ဩဂုတ်လအထိ ဒရုန်း နှင့် လေကြောင်းတိုက်ခိုက်မှုကြောင့် အသက်ဆုံးရှုံးမှု နှင့် ဒဏ်ရာအနာတရရရှိသူ အရေအတွက်





ဒဏ်ရာအနာတရ ရရှိသူ စုစုပေါင်း (၁၈၀) ဦး၊ အမျိုးသမီး(၄၀)ဦး၊အမျိုးသား(၁၀၅)ဦး၊ ကလေးသူငယ်(၃၅)ဦး




သေဆုံးသူ စုစုပေါင်း (၈၁) ဦး၊ အမျိုးသမီး(၂၂)ဦး၊အမျိုးသား(၄၄)ဦး၊ ကလေးသူငယ်(၁၅)ဦး


## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်လာခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း၏ ကွင်းဆင်းအဖွဲ့ဝင်များက အန္တရာယ်များကြားတွင်ပင် မွန်၊ ကရင်နှင့် တနင်္သာရီဒေများ၌ဖြစ်ပွားနေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် မှတ်တမ်းတင်ကောက်ခံနေသည်။

၂၀၂၅ ဩဂုတ်လအကုန်တွင် မတရားဖမ်းဆီးခံရမှု (၁၅၂) မှု၊ ချုပ်နှောင်ထိန်းသိမ်းခံရမှု (၁၀၅) မှု၊ ထိခိုက်ဒဏ်ရာရရှိမှု (၉၂) မှုနှင့် မတရားသတ်ဖြတ်ခံရမှု (၃၈) မှုတို့ ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ခဲ့သည်။

### ၂၀၂၅ ဩဂုတ်လတွင် မွန်၊ ကရင်နှင့် တနင်္သာရီဒေသများတွင် အပြစ်မဲ့ပြည်သူများ ဖမ်းဆီးခံရမှု၊ ထိခိုက်ဒဏ်ရာရရှိမှုနှင့် သတ်ဖြတ်ခံရမှုအခြေအနေများ

ဩဂုတ်လ ၂၀၂၅




**5+**

**စစ်ကောင်စီက ထောင်ဒဏ်ချမှတ်ခဲ့သည့် ဒီမိုကရေစီအရေး ဆန္ဒပြသူများနှင့် တက်ကြွလှုပ်ရှားသူဦးရေ**

# မွန်ပြည်နယ်အတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်ခံရမှု မှတ်တမ်း
# ဩဂုတ်လ ၂၀၂၅

## (၁) အတင်းအဓမ္မဖမ်းဆီးခြင်းနှင့် မတရားစစ်မှုထမ်းစေခြင်း

(က) မွန်ပြည်နယ် မုဒုံမြို့နယ်တွင် အုပ်ချုပ်ရေးအဖွဲ့များက ယခုဖွင့်လှစ်မည့် စစ်ကော်မရှင်မှ ဖွင့်လှစ်မည့် စစ်မှုထမ်းအပတ်စဉ် (၁၆) အတွက် လူစားထိုးငွေရမ်းရန် တစ်အိမ်လျှင် ကျပ် (၁၀,၀၀၀) ကျပ်နှုန်းဖြင့် ကောက်ခံသွားမည့်ဟု ၂၀၂၅ ဇူလိုင် (၂၆) ရက်နေ့က မြို့မ (၄) ရပ်ကွက် အုပ်ချုပ်ရေးအဖွဲ့က ပြည်သူများကို အစည်းအဝေးခေါ် ယူခဲ့သည်။

မုဒုံမြို့နယ် ရပ်ကွက်တစ်ခုလျှင် လူ (၂) ဦးနှုန်း ပေးပို့ရမည်ဖြစ်ပြီး အပတ်စဉ် (၁၅) အထိ ငွေကြေးကောက်ခံမရှိဘဲ ပြေလည်အောင် ဆောင်ရွက်ပေးခဲ့သော်လည်း စစ်မှုထမ်း သင်တန်းသား ရှာဖွေရခက်ခဲလာသဖြင့် အပတ်စဉ် (၁၆) မှစ၍ ပြည်သူများ ငွေကြေး ကောက်ခံသွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စစ်မှုထမ်းသင်တန်းအလူစားထိုးငှားရမ်းရမည်ဖြစ်ကြောင်း ၊တစ်ဦးလျှင် ကျပ် သိန်း (၅၀) အထိ ငှားရမ်းခ ပေးရမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးအဖွဲ့ကငွေကြေးမတတ် နိုင်သဖြင့် ပြည်သူများက ငွေကြေးထည့်ဝင်ရမည်ဖြစ်ကြောင်း ပြောသည်။

ထို့ငွေကြေးကောက်ခံမှုကို လအလိုက် သို့မဟုတ် စစ်မှုထမ်းအပတ်စဉ်အလိုက် မည်သို့မည်ပုံကောက်ခံသည်ကိုမူ အတိအကျမသိရသေးချေ။

(ခ) ၂၀၂၅ ဇူလိုင် (၃၀) ရက်နေ့ ညနေပိုင်း (၂) နာရီဝန်းကျင်ခန့်တွင် မွန်ပြည်နယ်၊ သထုံမြို့နယ်၊ ပုတိမ်ရိုးကျေးရွာတွင် ပြည်သူစစ်ခေါင်းဆောင်နှစ်ဦး ပစ်သတ်ခံရမှုနှင့် ပတ်သက်ပြီး စစ်ကော်မရှင်နှင့် ရဲတပ်ဖွဲ့ ပူးပေါင်းတပ်ဖွဲ့တို့မှ မော်တော်ယာဉ် (၇) စီး ဖြင့် ရွာထဲသို့ ဝင်ရောက်လာပြီး ဒေသခံအမျိုးသား (၄၀) ကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့ သည်။

ဖမ်းဆီးခံရတဲ့ ဒေသခံများသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် NLD ပါတီအဖွဲ့ဝင် (၂၀) ကျော် ပါဝင်ပြီး ကျန်ဒေသခံများသည် သာမန်လက်လုပ်လက်စားနှင့် ဈေးဆိုင်ပိုင်ရှင် တစ်ချို့ ပါဝင်ကြောင်း ၎င်းကဆက်ဆိုသည်။

"တပ်ရော ရဲရောဆိုရင် အင်အား ၄၀ လောက်ရှိတယ်။ ကား ၇ စီးလောက် ရှိမယ်။ တစ် အိမ်တက်တစ်အိမ်ဆင်း အကုန်ဖမ်းသွားတာ။ ထွက်ပြေးရင် ပစ်တဲ့။ အဖမ်းခံရတာ ၄၀ ကျော်တယ်။" ဟု ပုတိမ်ရိုးကျေးရွာ ဒေသခံတစ်ဦးက ပြောသည်။"

ဖမ်းဆီးခံရသူအများစုဟာ စစ်မှုထမ်းအကျုံးဝင် အသက် (၁၈) နှစ်မှ (၅၀) နှစ်အတွင်းရှိ

သူများဖြစ်ပြီး သထုံမြို့မရဲစခန်း၊ သိမ်ဆိပ်ရဲစခန်းနှင့် သထုံမြို့နယ် အမှတ် (၉) လေ့ကျင့်ရေးတပ် စစ်ကြောရေးသို့ ပို့ဆောင်ခံထားရပြီး မိသားစုဝင်များကလည်း ၎င်းတို့အတွက် အသက်အန္တရာယ် စိုးရိမ်နေကြသည်။

(ဂ) ၂၀၂၅ ဩဂုတ်လ (၉) ရက်နေ့ နံနက် (၁၀) နာရီခန့်တွင် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်သိမ်ဇရပ်မြို့ "လိုရာဖြည့်" လူမှုကူညီရေးအသင်း၏ရုံးတွင် လာရောက်ခိုလှုံနေသည့် စစ်ရှောင်အမျိုးသား (၁၅) ဦးကို အင်အား (၃၀) ဝန်းကျင်ရှိ စစ်ကောင်စီပူးပေါင်းတပ်ဖွဲ့ကရုံးအတွင်းသို့ ဝင်ရောက်ကာ ဖမ်းဆီးသွားခဲ့ကြောင်း သိရသည်။

"နာရေးရုံးကို စစ်ကားတွေ ရောက်လာတော့ အကုန်လုံးလန့်ပြီး ဘယ်သူမှတောင်ထွက်မကြည့်ရဲဘူး။ ပြီးတော့ စစ်ရှောင်တွေထဲကနေ အမျိုးသား (၁၅) ယောက်ကို ရွေးပြီးဖမ်းသွားတယ်လို့ သိရပါတယ်" ဟု သိမ်ဇရပ်မြို့ခံတစ်ဦးက ပြောသည်။

ဖမ်းဆီးခံရသူများသည် အသက် (၁၈) နှစ်မှ (၃၇) နှစ်ဝန်းကျင်ရှိ အမျိုးသားများ ဖြစ်ပြီး"စစ်ဆေးမေးမြန်းစရာရှိသည်" ဟုဆိုကာ ဖမ်းဆီးသွားခြင်းဖြစ်သည်။ ၎င်းတို့ကိုသိမ်ဇရပ်အခြေစိုက် အမှတ် (၂၀၇) ခြေမြန်တပ်ရင်းတွင် ထိန်းသိမ်းထားပြီး မိသားစုဝင်များနှင့် တွေ့ခွင့်မပေးချေ။

အဆိုပါအမျိုးသားများသည် ပဲခူးတိုင်း ရွှေကျင်မြို့နယ် ကွင်းဆိပ်ကျေးရွာမှ ဖြစ်ပြီး တိုက်ပွဲကြောင့် ပြီးခဲ့သည့်မေလတွင် သိမ်ဇရပ်သို့ စစ်ရှောင်လာကြသူများ ဖြစ်သည်။

(ဃ) စစ်တပ်အင်အား လိုအပ်ချက် မြင့်မားလာနေတဲ့ စစ်ကောင်စီတပ်သည့် မွန်ပြည်နယ်အတွင်း ထောင်နဲ့ချီ လူငယ်များကို ပြည်သူစစ်ထဲသို့ ဝင်ရောက်ရန် အတင်းအကြပ် ခေါ်ဆောင်ခံနေတဲ့အပြင် ခြိမ်းခြောက်ခြင်း၊ လှုံဆော်ခြင်းနှင့် အဓမ္မဖမ်းဆီးမှုများ ရှိနေသည်။ ထို့ဖမ်းဆီးခံရတဲ့ လူငယ်အများစုသည့် ရှေ့တန်းစစ်မြေပြင်တွင် လူသားဒိုင်းသဖွယ် အသုံးပြုခံနေရသည်။

(င) ၂၀၂၅ ဩဂုတ် (၁၃) ရက်နေ့တွင် စစ်အာဏာရှင်ခန့် မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းသည့် မော်လမြိုင်မြို့နယ် အရှေ့တောင်စစ်ဌာနချုပ်အရာရှိများနှင့် အတူ အခြေခံလေ့ကျင့်ရေးကျောင်းသို့ သွားရောက်ကာ ပြည်နယ်အနှံ့မှ အသစ်ရောက်ရှိလာတဲ့ စစ်မှုထမ်း အပတ်စဉ် (၁၆) စစ်သင်တန်းသားများအား တွေ့ဆုံခဲ့ကြောင်း ဒေသခံများအဆိုအရ သိရသည်။

"ဒီနှစ်အကုန်မှာ ကျင်းပဖို့စီစဉ်ထားတဲ့ ရွေးကောက်ပွဲအတွက် စစ်တပ်အင်အား တိုးချဲ့နေကြတာ၊ မဲရုံနယ်မြေတွေနဲ့ ရှေ့တန်းစစ်မျက်နှာပြင်တွေကိုပါ အင်အားဖြည့်နေကြတယ်။ ရွေးကောက်ပွဲနီးလာလေ မနက်၊ ညအချိန်မရွေးလုပ်နေကြတယ်။" သံဖြူဇရပ်မြို့နယ်ရှိ ဒေသခံတစ်ဦးက ပြောသည်။

ပြီးခဲ့သည့် ဇွန်လမှစတင်ကာ မြို့နယ်အဆင့် စစ်သားစုဆောင်ရေးကော်မတီများနှင့်အတူ ရပ်ကွက်၊ ကျေးရွာ အုပ်ချုပ်ရေးမှူးများက စစ်မှုထမ်းအကျုံးဝင်လူငယ်များအာ စာရင်းကောက်ခံနေပြီး တစ်ချို့ မြို့နယ်တွင် မိသားစုဝင်ထံ စစ်မှုထမ်းခေါ်ယူစာလည်း ညွှန်ကြားလာနေခဲ့သည်။

(စ) မွန်ပြည်နယ်ရှိ ကျိုက်ထို၊ ဘီးလင်း၊ ပေါင်၊ ကျိုက်မရောနှင့် မုဒုံမြို့နယ်များတွင် စစ်ကောင်စီတပ်များက ကျေးရွာချင်းစပ်လမ်းများပေါ်တွင် ယာယီစစ်ဆေးရေးစခန်းများကို အထိုင်ချခြင်း၊ ခရီးသွားလာမှုများကို ပိတ်ပင်တားမြစ်ခြင်းနှင့် အလုပ်ကမှပြန်လာသော လူငယ်များ သို့မဟုတ် လမ်းဖြတ်သွားလာသူများကို ပစ်မှတ်ထား အတင်းအဓမ္မဖမ်းဆီးမှု ဆက်တိုက်လုပ်ဆောင်လာနေခဲ့သည်။

အဆိုပါ လူငယ်ဖမ်းဆီးခံရသူများကို စစ်ကားများဖြင့်တင်ဆောင်ကာ နီးစပ်ရာ စစ်တပ်တပ်စခန်းများ အလျင်အမြန်ပို့ဆောင်လေ့ရှိကြပြီး ၎င်းတို့က အရပ်ဝတ်နှင့် အိတ်များကိုသယ်ဆောင်ပြီး သာမန်ပြည်သူများအဖြစ်အသွင်ယူကာ လက်နက်များကို ဖမ်းဆီးသည့်အချိန်ထိ မထုတ်ပြပဲ ဖွက်ထားတက်ကြောင်း မျက်မြင်သက်သေများက ပြောပြသည်။

မွန်ပြည်လူ့အခွင့်ဖောင်ဒေးရှင် ဒေတာစုဆောင်ချက်အရ ပေါင်မြို့နယ်က မြို့ပြင်ဘက်မှာ ဖမ်းဆီးခံရတဲ့ လူငယ်(၅)ဦးထဲမှ နှစ်ဦးကို မိသားစုများမှ သိန်း(၃၀)ဖြင့် အသီးသီးပြန်လည်ရွေးယူနိုင်ခဲ့သော်လည်း ကျန်သုံးဦးမှာ ဖမ်းဆီးခံရသည့်နေရာအတိအကျမသိရကြောင်း သိရှိရသည်။ ထိုမှ့သာမက ကျိုက်ထိုမြို့နယ်တွင် စစ်တပ်၊ ရဲနှင့် ပြည်သူ့စစ်ပူးပေါင်းတပ်များမှ အဓိကလမ်းမကြီးပေါ်တွင် ငွေကောက်ခံဂိတ်များဖွင့်လှစ်ထားကြသေးသည်။ ဩဂုတ်လ(၁၃)ရက်နေ့ကလည်း ခြံကုန်းကျေးရွာတွင် လူငယ်(၆)ဦးပေါ်တာဆွဲခံခဲ့ရသည်။

ဒါအပြင် ပြည်သူ့စစ်များနှင့် ပျူစောထီးအဖွဲ့များ၊ ကျေးရွာနှင့် ရပ်ကွက်အတွင်းရှိ လူငယ်များကို စစ်တပ်ထဲသို့ဝင်ရောက်ရန် အတင်းအကြပ်ဖမ်းဆီးမှုများကို ပိုမိုလုပ်ဆောင်နေကြသည်အတွက် ဒေသခံလူငယ်များ သွားလာရေးအတွက် လုံခြုံရေး စိုးရိမ်ကြောက်လန်နေကြသည်။

(ဆ) မွန်ပြည်နယ် ဘီးလင်းမြို့နယ် ဘီးလင်း - တောင်စွန်းကားလမ်းပိုင်းတွင်လူငယ် လူရွယ် (၃၀) ထက်မနည်းကို စစ်တပ်က စစ်မှုထမ်းအတွက်အကြောင်းမဲ့ဖမ်းဆီးသွား ကြောင်း ဒေသခံများက ပြောသည်။
တပ်သားလိုအပ်ချက် များပြားနေသည့် စစ်တပ်သည် ဘီးလင်း - တောင်စွန်းကား လမ်းတွင်လူငယ်များကို ဖမ်းဆီးပြီး စစ်မှုထမ်းသင်တန်းပို့ဆောင်ခြင်းကိုခပ်စိတ် စိတ်လုပ်ဆောင်လာကြောင်း သိရသည်။
"ဖမ်းတာက ညနေပိုင်း အလုပ်က ပြန်လာတဲ့အချိန်မှာ ပိုဖမ်းတယ်။ တစ်နေရာတည်း ဖမ်းတာမဟုတ်ဘူး။ နေရာရွှေ့ပြီးတော့ ဖမ်းနေတာ။ ရိုက်ပြီး ဖမ်းတာလည်း ရှိတယ်" ဟု တောင်စွန်းဒေသခံတစ်ဦးက ပြောသည်။

## (၂) အတင်းအဓမ္မ မတရားငွေကြေးကောက်ခံခြင်း

(က) မွန်ပြည်နယ်၊ မော်လမြိုင်ခရိုင်၊ ကျိုက်မရောမြို့နယ်တွင် စစ်အာဏာရှင်ခန့် မြို့နယ်အုပ်ချုပ်ရေးမှူးအဖွဲ့နှင့် စစ်မှုထမ်းခေါ်ယူရေးအဖွဲ့မှ ကျေးရွာရှိ စစ်မှုထမ်းအကျုံ ဝင်းတဲ့ အသက် (၁၈) နှစ်မှ (၃၅) နှစ်အတွင်းရှိ လူငယ်အမျိုးသားများကို မှတ်ပုံတင် ခြင်းကို ဖိအားပေးလုပ်ဆောင်လာနေသည့်အပြင် စာရင်းကောက်ခံယူမှု ဆက်တိုက် လုပ်ဆောင်လာနေခဲ့သည်။
ဒါအပြင် စစ်မှုထမ်းဌာရမ်းထောက်ပံ့ကြေးဟုဆိုကာ အိမ်ထောင်စုတစ်စုကို (၁၀၀၀၀) ကျပ်မှ (၁၅၀၀၀) ကျပ်အတွင်း ငွေကြေးကောက်ခံနေခဲ့သည်။

(ခ) မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့ရှိ ကြံခိုင်ရေး၊ အောင်ချမ်းသာ၊ စက်သစ်ပိုင်း၊ အောင် သာယာ၊ ကျောင်းပိုင်၊ အောင်ဇေယျ၊ တိုးချဲ့၊ အောင်မင်္ဂလာ၊ ကြာကန်နှင့် ဖောင်စိန် ကျေးရွာတို့အတွင် စစ်မှုထမ်းခေါ်ယူစာ ဆက်တိုက်ဆိုသလို့ သက်ဆိုင်ရာ ကျေးရွာ ရပ်ကွက်ရုံးသို့ စစ်အာဏာရှင်ဘက် ပို့ဆောင်ပေးလျက်ရှိသည်။

ဒေသခံများ၏ပြောပြချက်အရ ၂၀၂၅ခုနှစ် ဇူလိုင်လမှ ဩဂုတ်လအစောပိုင်းအထိ စစ်မှုထမ်းသင်တန်းတက်ရောက်ရန် (၄၀) ဦးက စစ်မှုထမ်းခေါ်ယူစာများ နေအိမ်သို့ ရောက်ရှိလာနေခဲ့သည်။

"ကြာကန်၊ ဖောင်စိန်၊ အောင်ဇေယျာ၊ တိုးချဲ့၊ ကြံခိုင်ရေးနဲ့ အောင်ကုသိုလ်ရပ်ကွက်မှာ အမျိုးသား (၁၂) ဦး အတင်းအကြပ် တပ်သား ခေါ်ယူခြင်းခံထားရတယ်။ (၈) ဦးက ပြည်ပမှာ သွားရောက်အလုပ်လုပ်နေတတယ်၊ မိသားစုတစ်စုဆိုရင် စစ်မှုထမ်းအစားထိုး ဌာရမ်းဖို့ဆိုပြီး စစ်တပ်ထံကို ငွေကျပ် (၈) သိန်း ပေးဆောင်လိုက်ရတယ်" ဟု ဒေသခံ တစ်ဦးက ဆိုသည်။

(ဂ) ၂၀၂၅ ဇူလိုင်လမှစ၍ မွန်ပြည်နယ် ရေးမြို့နယ်ရှိ တံတားဖြူစစ်ဆေးရေးဂိတ်နှင့် တနင်္သာရီတိုင်း ထားဝယ်မြို့နယ်ရှိ မလွှဲတောင်စစ်ဆေးရေးဂိတ်များသည် ရေး -ထားဝယ် ကားလမ်းမကြီးတစ်လျှောက် ဖြတ်သန်းသွားလာသည့် ကုန်တင်ယာဉ်မောင်းနှင့်ခရီးသည် များထံမှ ငွေကျပ် (၅,၀၀၀) မှ (၂၀,၀၀၀) အထိ တောင်းခံနေကြောင်းဒေသခံသတင်း ရင်းမြစ်များက ပြောသည်။
တံတားဖြူစစ်ဆေးရေးဂိတ်က ကုန်တင်ကားတစ်စီးလျှင် (၂၀,၀၀၀) ကျပ်၊အိမ်စီး ကားတစ်စီးလျှင် (၂,၀၀၀) ကျပ်နှင့် ခရီးသည်တစ်ဦးလျှင် (၅,၀၀၀) ကျပ်အကြောင်းမဲ့ ကောက်ခံနေသည်။
(ဃ) မကြာမီဖွင့်လှစ်မည့် အပတ်စဉ် (၁၆) စစ်မှုထမ်းသင်တန်းအတွက် တစ်ရွာလျှင် လူငယ် (၂) ဦးစီ ပေးပို့ရမည်ဟု စစ်ကော်မရှင်က အမိန့်ထုတ်ထားသဖြင့် မွန်ပြည်နယ် ကျိုက်မရောမြို့နယ် တရနာ၊ ကော့သပ်၊ ကော့ဒွန်း၊ ကွန်းကုန်း၊ ကော့ကလိုင်၊ ခရုံနှင့် ကျိုက်ပရံကျေးရွာများ၏ အုပ်ချုပ်ရေးမှူးများက ရွာသူရွာသားများကို အစည်းအဝေးခေါ် ယူပြီး စစ်မှုထမ်းလူစားထိုး ငှားရမ်းရန်အတွက် တစ်အိမ်လျှင် လစဉ် ငွေ (၁၅,၀၀၀) ကျပ် ကောက်ခံသွားမည်ဖြစ်ကြောင်း အသိပေးခဲ့သည်။

"စစ်ကော်မရှင်က တစ်ရွာကို (၂) ယောက်နှုန်း တောင်းတယ်။ ရွာမှာလည်း လူငယ်တွေ မ ရှိတော့ဘူး။ အုပ်ချုပ်ရေးမှူးက ပိုက်ဆံကောက်ပြီး ရွာက ဂိတ်စောင့်နေတဲ့ စစ်သားတွေ ကို ငှားပြီးတက်ခိုင်းတယ်" ဟု ကျိုက်မရောဒေသခံတစ်ဦးက ပြောသည်။

ကျိုက်မရောမြို့နယ်တွင် စစ်မှုထမ်းသင်တန်းအပတ်စဉ် (၁၅) အထိ ငွေကြေးကောက်ခံ ခဲ့ခြင်းမရှိဘဲ ယခုအပတ်စဉ် (၁၆) တွင်မှ ငွေကြေးစတင်ကောက်ခံခြင်းဖြစ်ကြောင်း သိရ သည်။

## (၃) မတရားဖမ်းဆီးခြင်း

(က) ၂၀၂၅ ဇွန်လ (၂၁) ရက်နေ့တွင် မွန်ပြည်နယ် ရေးမြို့နယ် မော့ကနင်ကျေးရွာ အနီး ကြိုးတံတားကျေးရွာရှိ ကွမ်းသီးခြံတွင် မူးယစ်ဆေးဝါးရောင်းဝယ်လုပ်ကိုင်နေသူ အမျိုးသား (၃) ဦးကို စစ်တပ်က ဖမ်းဆီးခဲ့သည်။
ဖမ်းဆီးခံရသူများကို မော်လမြိုင်အခြေစိုက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် ထိန်းသိမ်းထားပြီး ငွေကြေးဖြင့် ပြန်လည်ရွေးယူပါက လွှတ်ပေးမည်ဖြစ်ကြောင်း၊ ငွေကြေးမပေးနိုင်သူများကို စစ်မှုထမ်းသင်တန်းသို့ ပို့ဆောင်မည်ဖြစ်ကြောင်း စစ်တပ်က ခြိမ်းခြောက်ခဲ့သည်။

ဖမ်းဆီးခံရသူ (၃) ဦးအနက် (၂) ဦးသည် ငွေကျပ်သိန်း (၅၀၀) ကျော် ပေးပြီးနောက် ဩဂုတ်လ(၂)ရက်နေ့တွင်ပြန်လည်လွတ်မြောက်လာကြောင်း ဒေသခံများက ပြောသည်။

## (၄) လေကြောင်းတိုက်ခိုက်မှု

(က) ၂၀၂၅ ဩဂုတ် (၉) ရက်နေ့ နံနက် (၉) နာရီအချိန်ခန့်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပိန္နဲကုန်းကျေးရွာတွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ စစ်အာဏာရှင်တပ်မှ လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ရာ အသက် (၆၂) နှစ်အရွယ် အမျိုးသားကြီးတစ်ဦး သေဆုံးခဲ့ပြီး (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဒါအပြင် ဒေသခံနေအိမ် (၅) လုံး၊ အိမ်စီးကား (၃) စီးနှင့် ဆိုင်ကယ် (၃) စီး ထိခိုက်ပျက်စီးခဲ့သည်။

(ခ) ၂၀၂၅ ဩဂုတ်လ (၉) ရက်နေ့မှ (၁၁) ရက်နေ့အထိ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်ရှိကျေးရွာများကို စစ်တပ်က လေယာဉ်ဖြင့် ဗုံးကြဲခြင်း၊ လက်နက်ကြီး လက်နက်ငယ်တို့ဖြင့်ပစ်ခတ်တိုက်ခိုက်ခြင်းတို့ကြောင့် အရပ်သား (၁) ဦး သေဆုံးကာ (၅) ဦး ထိခိုက်ဒဏ်ရာရခဲ့ကြောင်း ကရင်အမျိုးသားအစည်းအရုံးက ဩဂုတ်လ (၁၉) ရက်နေ့တွင် ထုတ်ပြန်သည်။

ဩဂုတ်လ (၉) ရက်နေ့ မနက် (၉) နာရီတွင် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကျေးရွာအုပ်စု ပိန္နဲကုန်းကျေးရွာကို တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ စစ်တပ်က YAK-130 တိုက်လေယာဉ်ဖြင့် ဗုံးသီး(၁) လုံး ကြဲချခဲ့ရာ ဒေသခံ (၁) ဦး သေဆုံးပြီး (၄) ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ထို့နောက် ဩဂုတ် (၁၁) ရက်နေ့ နေ့လည် (၁၂) နာရီအချိန်ခန့်တွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ စစ်ကောင်စီ အမှတ် (၄၄) ခြေမြန်တပ်မဌာနချုပ်မှ ကျိုက်ထိုမြို့နယ် ကျောက်လုံးကြီးကျေးရွာအုပ်စု ဝင်းသောင်ရွာနှင့် ကျောက်ပုံရွာကြား (၁၂၀) မမ လက်နက်ကြီးတစ်လုံး ပစ်ခတ်ခဲ့ရာ အရပ်သား ပြည်သူလူထုများ၏ လုပ်ငန်းခွင်များအတွင်းသို့ ကျရောက်ပေါက်ကွဲခဲ့သည်။
အလားတူ ဩဂုတ် (၁၁) ရက်နေ့ ညနေ (၃) နာရီခွဲအချိန်ခန့်တွင် တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ စစ်ကောင်စီတပ် ခလရ (၈) နှင့် ခမရ (၃) ပူးပေါင်းတပ်ဖွဲ့တို့မှ ကျိုက်ထိုမြို့နယ် ချောင်းပြန့်ကျေးရွာ အတွင်းသို့ ဝင်ရောက်ပြီး လက်နက်ငယ်များဖြင့်ပစ်ခတ်ခဲ့သောကြောင့် အသက် (၃၀) နှစ်အရွယ် အမျိုးသမီးတစ်ဦး ဘယ်နောက်ကျော ထိမှန်ဒဏ်ရာရရှိခဲ့သည်။

(ဂ) ၂၀၂၅ ဩဂုတ် (၂၄) ရက်နေ့က နံနက် (၁၀) နာရီအချိန်ခန့်တွင် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ အောင်ချမ်းကျေးရွာရှိ တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ စစ်အာဏာရှင်တပ်မှ ဂျက်ဖိုက်လေယာဉ်ဖြင့် အောင်ချမ်းဘုန်းတော်ကြီးကျောင်းတွင် လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့သည်။

ယင်းလေကြောင်းတိုက်ခိုက်မှုကြောင်း ဘုန်းတော်ကြီးကျောင်း ဆွမ်းစာဆောင်အတွင်းရှိ ဆွမ်းစားရန် ပြင်ဆင်နေတဲ့ သံဃာ (၃) ပါးပျံလွန်တော်မူခဲ့ပြီး ကျန်ရှိနေတဲ့ သံဃာ (၅) ပါး ပြင်ထန်ဒဏ်ရာရရှိခဲသည်အပြင် ဘုန်ကြီးကျောင်းဆွမ်းစာဆောင် ပြိုကျပျက်စီးခဲ့သည်။

| ထိခိုက်ဒဏ်ရာ | ထိခိုက်ဒဏ်ရာရ | အသက်သေဆုံး |
|---|---|---|
| 12 | 1 | 5 |

## (၅) လက်နက်ကြီးပစ်ခတ်မှု

(က) ၂၀၂၅ ဩဂုတ် (၄) ရက်နေ့ မနက်ပိုင်းအချိန်ခန့် မွန်ပြည်နယ်၊ ရေး- မော်လမြိုင်လမ်းပိုင်းရှေ့ဘက် အမှတ် (၈) ပြည်ထောင်စုလမ်းမအနီး အာယုတောင်ကျေးရွာအုပ်စု ရွာသစ်ကျေးရွာသို့ တိုက်ပွဲဖြစ်ပွားမှုမရှိဘဲ ရေးမြို့အခြေစိုက် အမှတ် အမှတ် (၃၄၃) အမြောက်တပ်မှ လက်နက်ကြီးဖြင့် (၁၀) လုံးထက်မနည်း ပစ်ခတ်ခဲ့သည်။
လက်နက်ကြီးဖြင့် ပစ်ခတ်တိုက်ခိုက်မှု ပြုလုပ်ပြီးနောက် စစ်အင်အား (၈၀) ဝန်းကျင်ရှိ စစ်ကြောင်တစ်ခုသည့် ရွာသစ်ထဲသို့ စစ်ကြောင်းထိုးဝင်ရောက်လာခဲ့ပြီး ဘုန်တော်ကြီးကျောင်းတွင်သာ စခန်းချနေထိုင်ခဲ့သည့်အတွက် ကျေးရွာဒေသခံများအနေဖြင့် တိုက်ပွဲဖြစ်ပွားမည့်ကို စိုးရိမ်းပြီး နေရပ်စွန့်ခွာ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်ရှောင်နေကြသည်။

(ခ) ၂၀၂၅ ဩဂုတ် (၂၄) ရက်နေ့ ညနေ (၇) နာရီခွဲဝန်းကျင်အချိန်ခန့်တွင် မွန်ပြည်နယ်၊ ရေးမြို့နယ် စံပြကျေးရွာတွင် စစ်အာဏာရှင်တပ် အမှတ် (၁၀၆) ခြေလျင်တပ်ရင်းမှ လက်နက်ကြီး (၄) ကြိမ် ပစ်ခတ်ခဲ့ရာ လက်နက်ကြီးကျည်တစ်လုံးဟာ ဒေသခံနေအိမ်တစ်လုံးပေါ် ကျရောက်ပေါက်ကွဲခဲ့သည်။
ယင်းလက်နက်ကြီးကျည် ကျရောက်ပေါက်ကွဲမှုကြောင့် အသက် (၇၂) နှစ်အရွယ်

သက်ကြီးပိုင်း အမျိုးသားတစ်ဦးသည့် ဒူးခေါင်း၊ မျက်နှာ၊ လက်နှင့် ခြေထောက်များတွင် လက်နက်ကြီးစထိမှန်ခဲ့ပြီး နေအိမ်တစ်လုံး ပြိုကျပျက်စီးခဲ့သည်။

“လက်နက်ကြီးထိပြီးတော့ သူ့ကို ချက်ချင်းဆေးရုံ မပို့ရဲဘူး။ ညမထွက်ရအမိန့်လည်း ရှိနေတော့အပြင်ထွက်ဖို့ ကြောက်ကြတယ်။ နောက်နေ့ (ဩဂုတ်လ (၂၅) ရက်နေ့) မနက် မိုးလင်းမှလမိုင်းဆေးရုံကို သွားရတယ်” ဟု ဒေသခံအမျိုးသမီးတစ်ဦးက ပြောသည်။

ခုရက်ပိုင်းအတွင်း အမှတ် (၁၀၆) ခြေလျင်တပ်ရင်းက တိုက်ပွဲမရှိဘဲ ကျေးရွာများကို လက်နက်ကြီးဖြင့် နေ့စဉ်ပစ်ခတ်နေသည့်အတွက် တိုက်ပွဲဖြစ်ပွားလာမည်ကို ဒေသခံ အများစုကစိုးရိမ်နေကြသည်။



ထိခိုက်ဒဏ်ရာ

2

## (၆) သတ်ဖြတ်ခြင်း

(က) ၂၀၂၅ ဩဂုတ်လ (၉) ရက်နေ့ မနက်ပိုင်းတွင် မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ ဦးလေး ကျေးရွာအနီး ရန်ကုန်-မော်လမြိုင်လမ်းပိုင်းတစ်လျှောက်၌ စစ်ရေးအပြီး စစ်ကြောင်း ပြန်လှည့်လာသည့် စစ်ကောင်စီတပ်သားများကို ကရင်အမျိုးသားလွတ်မြောက်ရေး တပ်မတော် (KNLA)ပူးပေါင်းတပ်တို့ ခြုံခိုတိုက်ခိုက်ရာမှ နှစ်ဖက်တိုက်ပွဲဖြစ်ပွားခဲ့သည်။ ယင်းနှစ်ဖက်တိုက်ပွဲဖြစ်ပွားမှုကြောင်း ဦးလေးကျေးရွာအနီး ရန်ကုန်-မော်လမြိုင်လမ်း ပိုင်းတစ်လျှောက်၌ ကုန်ကားစပယ်ယာတစ်ဦး သေဆုံးခဲ့ပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။

## (၇) အသက်မွေးဝမ်းကျောင်း

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ကို စစ်အုပ်ချုပ်ရေးကြေညာခဲ့သည့် ဩဂုတ်လ (၄)ရက်နေ့နောက်ပိုင်း စစ်ကောင်စီတပ်က ဂိတ်စခန်းများတွင် အင်အားဖြည့်တင်းနေ သည့်အပြင်မွန်နှင့်ကရင်ပြည်နယ်ကို ဆက်သွယ်ထားသည့် အဘစ် - ဘုရားသုံးဆူကား လမ်းတလျှောက်တွင်လည်း စစ်ဆေးရေး ပိုမိုတင်းကြပ်လာသဖြင့်ခရီးသွားပြည်သူများနှင့် ယာဉ်မောင်းများ အခက်တွေ့နေကြောင်း သိရသည်။

“ဘာယာဉ်ပဲလာလာ ခရီးသည်ကို ဆင်းခိုင်းပြီး မှတ်ပုံတင်စစ်တယ်။ ကားတွေ အရမ်း

များရင် လမ်းဆင်းလျှောက်ရတယ်။ ယောက်ျားလေးတွေဆို ဖြစ်နိုင်ရင် အဲဘက်ကို ခရီးမသွားတာပိုကောင်းတယ်။ ဒါပေမဲ့ ထိုင်းတက်မယ့်သူတွေကတော့ အဲဘက်ကိုပဲ သွားရတယ်။ ခုကစစ်သားတွေအများကြီး ရောက်လာတော့ စစ်ဆေးတာ ပိုတင်းကြပ်တယ်။ အရင်လို သွားလာလို့မလွယ်တော့ဘူး" ဟု ခရီးသွားတစ်ဦးက ပြောသည်။

အဘစ်လမ်းတွင် စစ်ဆေးရေးတင်းကြပ်သဖြင့် ကျွန်းရွာဘက်ရှိ ခုနစ်ခွေလမ်းကို လွှဲပြောင်းအသုံးပြုခဲ့သော်လည်း ပြီးခဲ့သည့်ဩဂုတ်လ (၇) ရက်နေ့တွင်အဆိုပါလမ်းပိုင်းကိုလည်း စစ်ကောင်စီက စစ်ဆေးရေးတင်းကြပ်ထားပြန်သည်။

## (၈) မုဒိမ်းပြုကျင့်သတ်ဖြတ်ခြင်း

၂၀၂၅ ဇူလိုင်လ (၁၇) ရက်နေ့တွင် မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကော့စိန်ကျေးရွာမှအသက် (၁၃) နှစ်အရွယ် မိန်းကလေးငယ်ကို မုဒိမ်းကျင့်ပြီး လည်ပင်းလှီးသတ်ဖြတ်ခဲ့သူအမျိုးသားကို စွဲချက်တင် တရားစွဲဆိုခဲ့ကြောင်း သိရသည်။

မိန်းကလေးငယ်သည် မေလ (၂၆) ရက်နေ့တွင် နေအိမ်မှ ပျောက်ဆုံးသွားခဲ့ပြီးငင်း၏ရုပ်အလောင်းကို မေလ (၂၈) ရက်နေ့တွင် ဒေသခံများက ရှာဖွေတွေ့ရှိခဲ့သည်။

၎င်းသည် မုဒိမ်းကျင့်သတ်ဖြတ်ခံခဲ့ရသည်ဟု ဒေသခံများက ယူဆခဲ့ကြပြီး သံသယရှိသူ အမျိုးသား (၂) ဦးကို အဆိုပါနေ့တွင်ပင် ဖမ်းဆီးခဲ့သည်။

## (၉) တရားဥပဒေစိုးမိုးရေး

ပြီးခဲ့တဲ့လများအတွင်း စစ်အစိုးရသည် မွန်ပြည်နယ်နှင့် မြန်မာပြည်တောင်ပိုင်းတွင် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် သတင်းအချက်အလက်ရယူခွင့်အားပိုမို ဖိနှိပ်လာသည်။ စစ်အစိုးရအနေဖြင့် အတုအယောင်ရွေးကောက်ပွဲကို ကျင်းပရန်ပြင်ဆင်ရာတွင် ပြည်သူများအား ပြင်ပကမ္ဘာနှင့် ဆက်သွယ်မှုများအား ဖြတ်တောက်ရန်အတွက် ခေတ်မီနည်းပညာနှင့် စောင့်ကြည့်ရေး ပစ္စည်းများအပေါ် ငွေကြေးအများအပြားနှင့် လူအင်အားအရင်းအမြစ်များစွာကို အသုံးပြုနေသည်။

HURFOM သည် မွန်ပြည်နယ်ရှိ နည်းပညာအထူးကျွမ်းကျင်သူများနှင့် ဤမူဝါဒများကြောင့် ထိခိုက်ခံနေရသူများနှင့် ဆက်သွယ်စကားပြောခဲ့ရာမှ ၎င်းတို့၏ သက်သေခံချက်များမှတစ်ဆင့် မြန်မာသတင်းမီဒီယာများနှင့် HURFOM ၏ အစီအရင်ခံချက်များက ယခင်ကတည်းက သတိပေးခဲ့သည့်အရာများကို အတည်ပြုနိုင်ခဲ့သည်မှာ စစ်အစိုးရသည် နည်းပညာများကို လက်နက်သဖွယ်အသုံးပြုပြီး ပြည်သူများအားဖိနှိပ်ခြင်း၊ ဆန့်ကျင်သူများအားအပြစ်ပေးခြင်းနှင့် ပြည်သူများဆီ သတင်းမှန်မရောက်ရှိနိုင်ရန် ဖျက်ဆီးရန်သာဖြစ်သည်။

နိုင်ငံရဲ့အဓိကအင်တာနက်ထုတ်လွှတ်ရာနေရာတွင် ပါဝါအင်အားကြီးသည့် Gateway firewalls များကိုတပ်ဆင်ခြင်းဖြင့် အင်တာနက်ချိတ်ဆက်မှုတိုင်းနှင့် VPN (သို့မဟုတ်) Signal တို့ လို ကုဒ်ဝှက်ထားသောသည့် အပ်ပလီကေးရှင်းများကို အလွယ်တကူ ရှာဖွေဖော်ထုတ်နိုင်သည်အထိ စစ်စတမ်(system)က လုပ်ဆောင်နိုင်စွမ်းကြီးမားသည်။

"ဒီနည်းပညာဟာ နယ်စပ်ဂိတ်တွေမှာ စောင့်ကြပ်နေတယ့် ဒီဂျစ်တယ်ဂိတ်တွေနဲ့ တူတယ်" ဟု IT နည်းပညာကျွမ်းကျင်သူတစ်ဦးက ဆိုသည်။ အဆိုပါစစ်စတမ် (system) သည် တရုတ်နိုင်ငံမှ "the Great Firewall " ဖန်တီးသူနှင့် ဆက်စပ်မှုရှိသည့် "Geedge Networks (Jizhi)" ကုမ္ပဏီမှ ပူးတွဲထောက်ပံ့ထားခြင်းဖြစ်ကြောင်း နည်းပညာဆိုင်ရာအရင်းအမြစ်များဆီမှ သိရှိရသည်။

ဒါ့အပြင် စစ်ကော်မရှင်သည် Deep Packet Inspection (DPI) ဟုခေါ်သောနည်းစနစ်ကို အသုံးပြုပြီး အင်တာနက်လမ်းကြောင်းရှိ ကုဒ်ဖြင့်ဝှက်ထားသည့်အရာများကို စစ်ဆေးကာ VPN အသုံးပြုမှုစနစ်များကိုဖော်ထုတ်နိုင်သည်။

နည်းပညာကျွမ်းကျင်သူတစ်ဦးက "ဒီနည်းပညာက စာတိုင်းကို မပို့မီဖွင့်ဖတ်ကြည့်လိုက်သလိုပါပဲ" ဟု HURFOM အား ပြောပြခဲ့သည်။ စုံစမ်းတွေ့ရှိချက်များအရ Frontier ကဲ့သို့သော ဒေသခံအင်တာနက်ဝန်ဆောင်မှုပေးသူများက DPI စက်ကိရိယာများ တပ်ဆင်ထားပြီး၊ စစ်အာဏာရှင်၏ဆိုက်ဘာအဖွဲ့များသည် ပြည်သူများ၏ ဝက်ဘ်အသုံးပြုမှုများကို အဝေးမှစောင့်ကြည့်ခြင်းနှင့် ဖမ်းဆီးခြင်းများ ပြုလုပ်နိုင်သည်။

အဆင့်မြင့်နည်းပညာဖြင့်ထိန်းချုပ်မှုများကြောင့် ဖိနှိပ်မှုများသည် လမ်းမတွေပေါ်ထိ ပါရောက်လာနိုင်သည်။ မွန်ပြည်နယ်ရှိ မြို့များအတွင်း စစ်သားနှင့်ရဲများက လမ်းသွားလမ်းလာပြည်သူများဆီမှ လက်ကိုင်ဖုန်းများတွင် VPN အပ်ပလီကေးရှင်းများ ရှိမရှိ စစ်ဆေးပြီး ဒဏ်ငွေရိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းနှင့် ဖမ်းဆီးခြင်းများပြုလုပ်ကြောင်း ဒေသခံများထံမှ သိရှိရသည်။ HURFOMမှ လေ့လာစောင့်ကြည့်မှုမှတ်တမ်းများအရ စစ်ကောင်စီမှ ဆိုက်ဘာလုံခြုံရေးဥပဒေအသက်သွင်းခဲ့သည့် ၂၀၂၅ခုနှစ် ဇန်နဝါရီလမှစ၍ ဒါဇင်နှင့်ချီသည့် အလားတူဖြစ်ရပ်များစွာပေါ်ပေါက်ခဲ့ကြောင်း တွေ့ရသည်။

## (၁) လက်နက်ကြီး၊ လေကြောင်းပစ်ခတ်တိုက်ခိုက်မှုနှင့် တိုက်ပွဲဖြစ်ပွားမှုကြောင့် စစ်ဘေးရှောင်ဒေသခံများ

(က) ၂၀၂၅ ဇူလိုင်လတတိယအပတ်မှစ၍ ကရင်ပြည်နယ် ကော့ကရိတ်မြို့နယ် ကော့ကရိတ်-ကျုံဒိုးကားလမ်းပိုင်း၌ မိုးရာသီကာလအတွင်း စစ်ကောင်စီတပ် အင်အား (၂၀၀) ဝန်းကျင် ထပ်မံအင်အားတိုးချဲ့ခြင်း၊ လက်နက်ကြီးလက်နက်ငယ်များဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများ ပြုလုပ်နေသည့်အတွက် ကျွန်းကလေး၊ ညီညာသာလင်း၊ လေးတိုင်၊ ငါးတိုင်၊ ရေပူကြီး၊ တောင်ဖျား၊ ကိုးတိုင်၊ကော့ဝါလယ်၊ ကော့ဖလို၊ ကော့ကမာ၊ ကော့ဖလန်နှင့် ကျုံဒိုးမြို့မှ ဒေသခံပြည်သူ ထောင်နဲ့ချီ ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။

(ခ) ကရင်ပြည်နယ် ကော့ကရိတ် - ကျုံဒိုးကားလမ်းပိုင်းရှိ စစ်ကောင်စီတပ်များ လက်နက်ကြီးဖြင့် ပစ်ခတ်ခြင်း၊ လေကြောင်းတိုက်ခိုက်ခြင်းနှင့် ဒရုန်းဖြင့် ဗုံးကြဲတိုက်ခိုက်ခြင်းတို့ ဆက်တိုက်လုပ်ဆောင်နေမှုကြောင့် ကျုံဒိုး-နပုလမ်းပိုင်းရှိ နေအိမ်များ ပျက်စီးပြီး ဒေသခံပြည်သူ ထောင်နှင့်ချီ ထပ်မံထွက်ပြေးတိမ်းရှောင်နေကြသည်ဟု ဒေသခံသတင်းအရင်းအမြစ်ထံမှ သိရသည်။

(ဂ) ပြီးခဲ့သည့် နှစ်ပတ်အတွင်း စစ်ကောင်စီတပ်နှင့် ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA) တို့ တိုက်ပွဲနေ့စဉ်ဖြစ်ပွားမှုကြောင့် ကရင်ပြည်နယ် ချောင်းဖျားကျေးရွာအနီးရှိ အုန်းသပင်၊ ရေပူကြီး၊ ငန်းသေး၊ ကော့ဝါလယ်၊ ဝင်းပြ၊ လေးတိုင်၊ ညီညာသာလင်းနှင့် အင်းကြီးရွာ စသည့် ကျေးရွာ (၈) ရွာရှိ ဒေသခံပြည်သူများ ဘေးလွတ်ရာသို့ စစ်ဘေးတိမ်းရှောင်နေကြရသည်။

## (၂) မြေမြှုပ်မိုင်း

၂၀၂၅ ဇူလိုင်လ (၂၉) ရက်နေ့ ညနေ (၆) နာရီအချိန်ခန့်တွင် ကရင်ပြည်နယ် ဘားအံခရိုင် လှိုင်းဘွဲ့မြို့ ရွာသစ်ပိုင်းရပ်ကွက်၌ အသက် (၄၀) ကျော်အရွယ် စောကျော့ဆူသည် နေအိမ်အနောက်ဘက်ရှိ အိမ်သာသွားတက်ရာမှ မြေမြှုပ်မိုင်းနင်းမိပေါက်ကွဲမှုကြောင့် ပြင်းထန်ဒဏ်ရာရရှိခဲ့ကြောင်း မြို့ခံလူမှုကယ်ဆယ်ရေးအဖွဲ့နှင့် ဒေသခံများက ပြောသည်။

ထိခိုက်ဒဏ်ရာ

1

အဆိုပါ မိုင်းပေါက်ကွဲမှုကြောင့် ဘယ်ဘက်ခြေဖဝါးတွင် ပြင်းထန်ဒဏ်ရာရရှိခဲ့ပြီး ခြေထောက်ဖြတ်တောက်ခံခဲ့ရသည်။

## (ဂ) အသက်မွေးဝမ်းကျောင်း

(က) ပြီးခဲ့သည့် ဇူလိုင်လ နောက်ဆုံးအပတ်တွင် ကရင်ပြည်နယ်မြောက်ပိုင်း သံတောင်ကြီးမြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့်နေအိမ်များ ပျက်စီးခဲ့ရသည့်အပြင် ဩဂုတ် (၉) ရက်နေ့တွင် သံတောင်ကြီးမြို့ နော်ဘုဘောတောင်အနီးရှိ ရပ်ကွက်များနှင့် လိပ်ပြာလေး၊ ခိုဝေးကျေးရွာတွင် မြေပြိုမှုဖြစ်ပွားခြင်းကြောင့် အသက် (၂) နှစ်အရွယ်ရှိ ကလေးအပါအဝင် အရပ်သား (၁၃) ဦး သေဆုံးခဲ့ပြီး ပျောက်ဆုံးနေသည့် ဒေသခံများလည်း ရှိသည်။

အဆိုပါ မြေပြိုမှုကြောင့် ပျက်စီးဆုံးရှုံးသွားသည့် ဒေသခံများအတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ဘာသာရေးအဖွဲ့များနှင့် လူသားချင်းစာနာထောက်ထားမှု ကွန်ယက်တို့မှ စားသောက်ကုန်ပစ္စည်းများနှင့် ဆေးဝါးများ အရေးပေါ်ကူညီဆောင်ရွက်မှု လိုအပ်လျက်ရှိသည်။

(ခ) ၂၀၂၅ ဩဂုတ်လ (၁၈) ရက်နေ့မှစ၍ ကရင်ပြည်နယ် မြဝတီမြို့နယ်ရှိ ထိုင်း - မြန်မာ အမှတ် (၂) ချစ်ကြည်ရေးတံတားကို စစ်ကော်မရှင်က တစ်ဖက်သတ်ပိတ်ဆို့လိုက်သည့်အတွက် ထိုင်းနိုင်ငံ မဲဆောက်မြို့တွင် ကုန်တင်ယာဉ် အစီး (၅၀၀) ကျော် ပိတ်မိနေသည်။

မြန်မာနိုင်ငံတွင်လည်း စက်သုံးဆီအပါအဝင် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းများဈေးကွက်အတွင်း ပြတ်လပ်လာပြီး ကုန်ဈေးနှုန်းလည်း မြင့်တက်လာသည်။

"အခု စစ်တပ်က အမှတ် (၂) တံတားကို ပိတ်လိုက်တော့ ကုန်တင်ကားအတော်များများ ပိတ်မိနေတယ်။ ထိုင်းကလာတဲ့ စားသုံးကုန်ပစ္စည်းတွေ အလှပြင်ပစ္စည်းတွေ မရောက်တော့ဈေးကွက်မှာ ပစ္စည်းပြတ်လာတယ်။ ဈေးနှုန်းတွေလည်း တက်လာတယ်။" ဟု အလှပြင်ပစ္စည်းရောင်းသူတစ်ဦးက ပြောသည်။

မြဝတီမြို့တွင်လည်း စက်သုံးဆီသယ်သူပို့ဆောင်သူများကို ဩဂုတ်လ (၁၃) ရက်နေ့တွင်လိုက်လံဖမ်းဆီးနေသဖြင့် စက်သုံးဆီပြတ်လပ်ပြီး တစ်လီတာလျှင် ကျပ် (၁၀,၀၀၀) အထိ ဈေးနှုန်းမြင့်တက်လာသည်။

# တနင်္သာရီတိုင်းဒေသအတွင်း လူ့အခွင့်အရေးချိုးဖောက်မှု အကြိမ်အရေအတွက် ဩဂုတ်လ ၂၀၂၅


### ၁။ မတရားဖမ်းဆီးခံရခြင်း (စစ်မှုထမ်းဥပဒေ)

(က) ၂၀၂၅ ခုနှစ် ဇူလိုင်လ (၂၈) ရက်နေ့ ည (၁၀) နာရီအချိန်ခန့်က တနင်္သာတိုင်းဒေသကြီး ကော့သောင်းခရိုင် ကော့သောင်းမြို့နယ် ဆယ်မိုင်ကျေးရွာအုပ်စုကို စစ်တပ်က ညှော်စာရင်းဝင်ရောက်စစ်ဆေးရာမှ အလုပ်သမား(၁၆) ဦးကို ဧည့်စာရင်းမတိုင်ကြားထားဟုဆိုကာ စစ်တပ်က ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း စုံစမ်းသိရှိရသည်။

အုပ်ချုပ်ရေးမှူးနှင့် စစ်တပ်ပူးပေါင်းအဖွဲ့တို့က ဆယ်မိုင်ကျေးရွာအုပ်စုရှိ ကံမော်ကြီး (၈ မိုင်ကျေးရွာ)၊ ၁၁ မိုင်ကျေးရွာနှင့် ၁၂ ကျေးရွာတို့ကို ညှော်စာရင်းဝင်ရောက်စစ်ဆေးခဲ့ရာ အသက် (၂၀) နှစ်အရွယ်နှင့် အသက် (၄၀) ဝန်းကျင်ကြားရှိ အမျိုးသားအလုပ်သမားများကို ညှော်စာရင်းအကြောင်းပြပြီး ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

ဒေသခံများ၏ ပြောပြချက်အရ ၈ မိုင်ကျေးရွာမှ (၅) ဦး၊ ၁၂ မိုင်ကျေးရွာရှိ ဦးညွန့်လှိုင် ကုမ္ပဏီမှ အလုပ်သမား (၄) ဦး၊ ၁၂ ကျေးရွာရှိ ဦးအောင်ကိုလွင် ကျောက်တွင်းကုမ္ပဏီမှ အလုပ်သမား (၁) ဦး၊ ကိုတင်အောင်မိုး ကုမ္ပဏီမှ အလုပ်သမား (၁) ဦး၊ ဆယ်မိုင်ကျေးရွာ အုတ်ဖိုရှိ အလုပ်သမား (၅) နှင့် ဆယ်မိုင်ကျေးရွာမှ ရွာသားတစ်ဦးအပါအဝင် စုစုပေါင်း (၁၆) ဦးခန့် ပါဝင်သည်။

(ခ) ၂၀၂၅ ဇူလိုင် (၃၀) ရက်နေ့က တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့ဝင်ပေါက်တွင် ကမြောကင်းစစ်ကောင်စီ စစ်ဆေးရေးဂိတ်ရှိ စစ်ကော်မရှင်တပ်မှ လောင်းလုံးမြို့နယ်မှ ထားဝယ်သို့ သွားရောက်လည်ပတ်ခဲ့တဲ့ လူငယ် (၁၀) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။



အဆိုပါ ဖမ်းဆီးခံရတဲ့ လူငယ် (၁၀) ဦးအနက် နှစ်ဦးကိုသာ ယမန်နေ့က ပြန်လည်လွှတ်မြောက်ပေးခဲ့ပြီး ကျန်ရှိနေသူများကို ဆက်လက်ဖမ်းဆီးထားဆဲပင်ဖြစ်သည်။

(ဂ) ၂၀၂၅ ခုနှစ် ဇူလိုင်လ (၃၁) ရက်နေ့က တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့နယ် ရနောင်းမြို့ထိန်းသိမ်းရေးစခန်းမှ ပြစ်ဒဏ်ချခံပြီးသား မြန်မာနိုင်ငံသား (၁၆၂) ဦးကို နေရပ်ပြန်လည်ပို့ဆောင်ခဲ့သည်။ ယင်းနောက် အသက် (၃၅) နှစ်အောက် လူငယ်များကို တပ်သားသစ်စုဆောင်းခံရပြီး စစ်မှုမထမ်းလိုသူများကို ဘတ် (၂၅၀၀၀) မှ (၃၀၀၀၀) အထိ ပြန်လည်ရွေးခိုင်းနေကြောင်း သိရှိသည်။
နေရပ်ပြန်လည်ပို့ဆောင်ခံရသူများသည် အသက်(၃၅) နှစ်အထက် အမျိုးသားများကို ပြန်လည်လွှတ်ပေးခဲ့ပြီး အသက် (၃၅) နှစ်အောက်လူငယ်အမျိုးသားများကို စစ်ဆေးရမည်ဟုဆိုကာ ကော့သောင်းမြို့မခန်းမသို့ ခေါ်ဆောင်သွားပြီး ထိုမှတဆင့် ကော့သောင်းအခြေစိုက် ခမရ-၄၃၁ တပ်ရင်းသို့ ပို့ဆောင်မည်ဖြစ်သည်။
ထို့နောက် ဘန်းကချွန်ကျေးရွာရှိ အသက် (၂၉) နှစ်အရွယ် အမျိုးသားတစ်ဦးသည် အုပ်ချုပ်ရေးမှူးအကူအညီဖြင့် ထိုင်းဘတ်ငွေ နှစ်သောင်းခွဲပေးဆောင်ကာ ပြန်လည်ရွေးထုတ်လာခဲ့ကြောင်း ဒေသခံတစ်ဦးက ပြောသည်။

(ဃ) ၂၀၂၅ ဩဂုတ် (၂) ရက်နေ့ နံနက်ပိုင်းအချိန်ခန့်တွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ ရေဖြူမြို့နယ် ထားဝယ်အထူးစီးပွားရေးဇုန်ဒေသ ပရဒတ်ကျေးရွာအတွင်း စစ်ကောင်စီတပ်မှ ဒေသခံ (၃၀) ဦးထက်မနည်း ဖမ်းဆီးခဲ့သည်။

(င) ၂၀၂၅ ဩဂုတ် (၃) ရက်နေ့မှ (၄) ရက်နေ့အတွင်း တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၌ ညွှန့်စာရင်းစစ်ဆေးမည့်ကို အကြောင်းပြချက်နှင့် သတ်မှတ်ချိန်ထက် ကျော်လွန်တဲ့ ဒေသခံ လူငယ် (၁၄) ဦးကို ဖမ်းဆီးခေါ်ဆောင်သွားကြောင်း ဒေသခံများထံမှ သိရသည်။ ဒါ့အပြင် ဩဂုတ် (၅) ရက်နေ့တွင်လည်း ကမ်းနားလမ်းတစ်လျှောက်ရှိ ဒေသခံ လူငယ် (၅) ဦးကို လည်းကောင်း ကြက်စားပြင်ရပ်ကွက် နေအိမ်တွင် ညွှန့်စာရင်းဝင်ရောက်စစ်ဆေးမည့်ဟု အကြောင်းပြချက်ဖြင့် အသက် (၂၀) ဝန်းကျင် အမျိုးသမီး (၄) ဦးကို လည်း ထပ်မံ ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း ဒေသခံများ၏ ပြောပြချက်အရ သိရသည်။

(စ) ၂၀၂၅ ဩဂုတ်လ (၁၉) ရက်နေ့တွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူးကျေးရွာအုပ်စု သာယာမွန်ကျေးရွာမှ အသက် (၁၈) နှစ်အရွယ် မောင်ဇော်လင်းနိုင်သည်နတ်အင်တောင်ကျေးရွာမှ ဆိုင်ကယ်ဖြင့် ပြန်လာစဉ်ကော့လှိုင်ကျေးရွာကိုစစ်ကြောင်းထိုးနေသည့် စစ်တပ်နှင့် တိုးပြီး ဖမ်းဆီးခံခဲ့ရသည်။
"သူက နတ်အင်တောင်ရွာမှာ ပိုက်ဆံသွားယူနေကျပဲ။ သူ့အဖမ်းခံရပြီးတော့တပ်သား

တစ်ယောက်က ဖုန်းဆက်လာတယ်။ သူ့ဖုန်းမှာ တော်လှန်ရေးတပ်ဖွဲ့တွေကိုစစ်တပ် အကြောင်း သတင်းပေးထားတာ တွေ့တယ်တဲ့။ လူကိုရော ဆိုင်ကယ်ကိုရောဘာမှမလုပ် ပါဘူးတဲ့။ ကောင်းကောင်းထား, ထားပါတယ်တဲ့။ ပြန်လွှတ်ပေးမယ်လို့ပြောနေတာပဲ” ဟု ဖမ်းဆီးခံရသူ၏ အဒေါ်ဖြစ်သူက ပြောသည်။

မိသားစုဝင်များက ဖမ်းဆီးခံရမှုနှင့်ပတ်သက်ပြီး မောရဝတီရေတပ်စခန်းဌာနချုပ်သို့ သွားရောက်မေးမြန်းသော်လည်း အကြောင်းတစ်စုံတရာ မသိရှိရဘဲ သတင်းအစအန ပျောက်ဆုံးနေကြောင်း သိရသည်။

(ဆ) ၂၀၂၅ ဩဂုတ်လဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် အမှတ် (၈) ပြည်ထောင်စုလမ်းမကြီး၏ “မလွဲတောင်-ကလိန်အောင်” ကားလမ်းပိုင်းတလျှောက်တွင် စစ်ရေးတင်းမာနေပြီး တိုက်ပွဲများ ပြင်းထန်နေခြင်းကြောင့် ကျေးရွာ (၆) ရွာမှ ဒေသခံ ပြည်သူ (၄,၀၀၀) ကျော်သည် ထွက်ပြေးတိမ်းရှောင်နေရသည်။

ဩဂုတ်လ (၂၈) ရက်နေ့တွင် စစ်ရှောင်ဒေသခံ (၂၅) ဦးသည် နေအိမ်သို့ ခေတ္တပြန်လာစဉ် တွင်ဖမ်းဆီးခံလိုက်ရကြောင်း ဒေသခံများက ပြောသည်။

“သာယာမွန်က (၁၅) ယောက်၊ မိုင် (၆၀)က (၇) ယောက်နဲ့ ရာဖူးရွာသစ်က (၃) ယောက် စုစုပေါင်း (၂၅) ယောက် ပါသွားတယ်။ အဲ့အထဲမှာ အမျိုးသမီး (၅) ယောက် ပါတယ်” ဟု ဒေသခံသတင်းရင်းမြစ်တစ်ခုက ပြောသည်။

ဖမ်းဆီးထားသူ ရွာသူရွာသား (၂၅) ဦးကို စစ်တပ်က ရာဖူးကျေးရွာသစ်ဘုန်းတော်ကြီး ကျောင်းတွင် ထိန်းသိမ်းထားကြောင်း ၎င်းက ဆက်ပြောသည်။

## ၂။ လက်နက်ကြီးပစ်ခတ်မှု

(က) ၂၀၂၅ ဇူလိုင် (၂၉) ရက်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံးမြို့နယ် ပန်း တအင်းကျေးရွာတွင် စစ်ကော်မရှင်တပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့အကြား နှစ် ဖက်တိုက်ပွဲဖြစ်ပွားခဲ့ရာ တိုက်ပွဲအတွင်း ဒေသခံနေအိမ်အနီး လက်နက်ကြီးကျည်ကျ ရောက်ပေါက်ကွဲမှုကြောင်း အရပ်သား (၅) ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

လက်နက်ကြီးထိခိုက်မှုကြောင်း ဆေးကုသမှု ခံယူနေတဲ့ (၅) ဦးအနက် ပြင်ထန်ထိခိုက် ဒဏ်ရာရရှိခဲ့သည့် အသက် (၆၀) ကျော်အရွယ် အမျိုးသားဟာ ဩဂုတ် (၅) ရက်နေ့တွင် သေဆုံးသွားခဲ့သည်။

(ခ) ၂၀၂၅ ဩဂုတ်လ (၁၃) ရက်နေ့ မနက်ပိုင်းတွင် တနင်္သာရီတိုင်း ရေဖြူမြို့နယ်ရာဖူး ကျေးရွာအုပ်စု မိုင် (၆၀) ကျေးရွာ၌ စစ်ကောင်စီတပ်နှင့် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့ တို့တိုက်ပွဲဖြစ်ပွားခဲ့ရာ ကလိန်အောင်အခြေစိုက် အမှတ် (၂၈၂) ခြေမြန်တပ်ရင်းက

လက်နက်ကြီး (၄) လုံး ပစ်ခတ်ခဲ့သည်။

လက်နက်ကြီးကျည်တစ်လုံးသည် မိုင် (၆၀) ကျေးရွာနံဘေးရှိ ချောင်းငယ်အတွင်းကျ ရောက်ပေါက်ကွဲခဲ့ရာ ငါးမျှားနေသည့် အသက် (၅၀) အရွယ် ဒေါ်ချွေကျည်စထိမှန် ဒဏ်ရာရခဲ့သည်။ ဒေါ်ချွေသည် လက်မောင်းတွင် ဒဏ်ရာရခဲ့ပြီး လက်ရှိတွင် ရေးမြို့ ပြည်သူ့ဆေးရုံတွင် ဆေးကုသမှုခံယူနေသည်။

(၈) ၂၀၂၅ ဇူလိုင်လတတိယအပတ်မှစ၍ တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့အနီး တွင် စစ်တပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ၎င်းတို့၏မဟာမိတ်တပ်ဖွဲ့များ အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။

စစ်တပ်က လက်နက်ကြီး၊ လက်နက်ငယ်နှင့် ဒရုန်းပစ်ခတ်တိုက်ခိုက်မှုများအပြင် လေကြောင်းတိုက်ခိုက်မှုပါ ပြုလုပ်ခဲ့သဖြင့် သံဃာတောင် (၂) ပါးအပါအဝင် အရပ်သား (၂၀) ဦးထက်မနည်း သေဆုံးပြီး လူနေအိမ် အလုံး (၄၀) ထိခိုက်ပျက်စီးခဲ့သည်။

“စစ်တပ်က ပြည်သူတွေကိုလည်း ရမ်းသမ်းပစ်နေတာပဲ။ သိရသလောက်တော့ အနည်းဆုံး (၂) ယောက်တော့ ရမ်းသမ်းပစ်ခံရပြီး သေသွားတယ်။ တကယ်သေတာက ထုတ်ပြန်ချက်ထက် များတယ်။ ပုလောမှာ အိမ်ထောင်စုအတော်များများက (တိုက်ပွဲကြားမှာ) ပိတ်မိနေတယ်။ အရေအတွက် အတိအကျတော့ မသိဘူး” မျက်မြင်တစ်ဦးက ပြောသည်။



## (၃) သတ်ဖြတ်ခြင်း

(က) ၂၀၂၅ ဇူလိုင်လ (၃၀) ရက်နေ့တွင် တနင်္သာရီတိုင်း ပုလောမြို့နယ် ပလမြို့မှ အမျိုးသားတစ်ဦးကို စစ်ကောင်စီတပ်သားများက အသက် (၅၀) အရွယ် လင်းထိုက်ဇော်သည် ည (၈) နာရီအချိန်ခန့်တွင် တစ်ယောက်တည်း လမ်းမပေါ် လျှောက်သွားနေချိန်တွင် ကင်းလှည့်နေသည့် စစ်ကောင်စီတပ်သားများက ၎င်းကို ဖမ်းဆီးခဲ့သည်။ ထို့နောက် ကြိုးဖြင့်တုပ်ကာ ရိုက်နှက်ညှဉ်းပန်းနှိပ်စက်ပြီးနောက် သေနတ်ဖြင့် ပစ်သတ်ခဲ့ကြောင်း ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။

"သူက စိတ်ကြွဆေး အသုံးများပြီးတော့ ဆေးကြောင်နေတာ။ အရူးတစ်ယောက်လို လျှောက်သွားနေတဲ့အချိန်မှာ စစ်သားတွေက ဖမ်းသွားတာ။ ကြိုးနဲ့တုပ် သေနတ်ဒင်နဲ့ ရိုက်ပြီးမှ ပစ်သတ်ခဲ့တာ" ဟု ၎င်းက ပြောသည်။

(ခ) ၂၀၂၅ ဩဂုတ်လ ဒုတိယအပတ်မှစ၍ စစ်တပ်က တနင်္သာရီတိုင်း သရက်ချောင်းမြို့နယ်ရှိ ကျေးရွာများကို စစ်ကြောင်းထိုးဝင်ရောက်နေပြီး အရပ်သားပြည်သူ (၂) ဦးကို သတ်ဖြတ်ကာ နေအိမ် (၇၆) လုံးကို မီးရှို့ဖျက်ဆီးခဲ့ကြောင်း ဒေသခံသတင်းရင်းမြစ်တစ်ဦးက ပြောသည်။
ဩဂုတ်လ (၁၇) ရက်နေ့တွင် ဥတ္တုကျေးရွာမှ ကား (၁) စီးနှင့် နေအိမ် (၁) လုံးကိုလည်းကောင်း၊ ဩဂုတ်လ (၂၂) ရက်နေ့တွင် စော်ဖျားကျေးရွာမှ နေအိမ်အလုံး (၆၀) ကိုလည်းကောင်း၊ ဩဂုတ်လ (၂၅) ရက်နေ့တွင် မိုးရွှေကုန်းကျေးရွာမှ နေအိမ် (၁၅) လုံးကိုလည်းကောင်း မီးရှို့ဖျက်ဆီးခဲ့ခြင်း ဖြစ်သည်။
၎င်းပြင် ဩဂုတ်လ (၂၇) ရက်နေ့ နံနက်ပိုင်းတွင် မိုးရွှေကုန်းရွာသား (၂) ဦး၏ ရုပ်အလောင်းများကို ကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် စာသင်ကျောင်းများအနီးတွင် ရွာသားများက တွေ့ရှိခဲ့သည်။

(ဂ) ၂၀၂၅ ဩဂုတ်လဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် ကလိန်အောင် -မလွဲတောင်လမ်းပိုင်းတလျှောက်တွင် စစ်ကော်မရှင်တပ်နှင့် မွန်ကရင်တော်လှန်ရေးပူးပေါင်းတပ်တို့အကြား နေ့စဉ်နီးပါး တိုက်ပွဲပြင်းထန်နေပြီးဒေသခံပြည်သူများသည်လည်း ဘေးလွတ်ရာ တိမ်းရှောင်နေရသည်။
သာယာမွန်ကျေးရွာတွင်လည်း ရွာလုံးကျွတ် တိမ်းရှောင်နေရပြီး ဩဂုတ်လ (၂၆) ရက်နေ့တွင်ကျေးရွာအပြင်ဘက်၌ နေထိုင်နေသည့် အသက် (၉၆) နှစ်အရွယ် အဘွားအိုကိုသေဆုံးလျက်တွေ့ရှိခဲ့ကြောင်း ရွာသားများက ပြောသည်။

## (၄) မတရားအခွန်ကောက်ခံခြင်း

၂၀၂၅ ဇူလိုင်လအစောပိုင်းမှစ၍ တနင်္သာရီတိုင်း ပုလောမြို့နယ် ပြင်ဘုကျေးရွာ ရှိစက်သုံးဆီအရောင်းဆိုင်များကို ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် (KNLA)တပ်မဟာ (၄) တပ်ရင်း (၁၂) က ဆီတစ်ပေပါလျှင် ကျပ် (၈၀,၀၀၀) အထိ အခွန်တိုးမြှင့်ကောက်ခံနေကြောင်း သိရသည်။
တပ်ရင်း (၁၂) လက်အောက်ရှိ ဆင်တိုးဂိတ်၊ ဘုတ်တောင်ဂိတ်နှင့် အင်းမဂိတ်တို့က မြိတ်မြို့နယ်မှ သယ်ဆောင်လာသည့် စက်သုံးဆီများအပေါ် အခွန်ကောက်ခံနေခြင်း ဖြစ်သည်။

## (၅) စစ်ဘေးရှောင်ဒေသခံများ

(က) ၂၀၂၅ ဩဂုတ်လ (၁၅) ရက်နေ့မှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် ရာဖူး ကျေးရွာအုပ်စု ကော့လှိုင်နှင့် မရမ်းချောင်းကျေးရွာကြားတွင် စစ်တပ်နှင့် မွန်၊ ကရင် တော်လှန်ရေးပူးပေါင်းတပ်ဖွဲ့တို့အကြား တိုက်ပွဲဖြစ်ပွားနေပြီး စစ်တပ်၏ လက်နက်ကြီးပစ်ခတ်မှုကြောင့် မရမ်းချောင်း၊ ကော့လှိုင်နှင့် မိုင် (၆၀) ကျေးရွာများ မှ ဒေသခံပြည်သူ (၉၀၀) နီးပါးသည် ဘေးလွတ်ရာ ထွက်ပြေးတိမ်းရှောင်နေရသည်။
"ဒီတစ်ခေါက် တိုက်ပွဲဖြစ်တာ အရမ်းပြင်းထန်တယ်။ လက်နက်ကြီး လက်နက်ငယ် ဆက်တိုက်ပစ်နေတာပဲ။ ရွာထဲကလူတွေ တစ်ယောက်မှ မရှိတော့ဘူး။ အကုန်ရှောင် ပြေးကုန်ပြီ။ ရွာဘက်ကိုလည်း လက်နက်ကြီးနဲ့ ပစ်ခတ်နေတာ မနည်းဘူး" ဟု မရမ်း ချောင်းကျေးရွာမှ စစ်ရှောင်တစ်ဦးက ပြောသည်။
စစ်ရှောင်ပြည်သူများသည် ရာဖူးကျေးရွာဘုန်းတော်ကြီးကျောင်းနှင့် ရေးနှင့် သံဖြူ ဇရပ်မြို့နယ်များရှိ ဆွေမျိုးများ၏ နေအိမ်များတွင် ခိုလှုံနေရကြောင်း သိရသည်။

(ခ) ၂၀၂၅ ဇူလိုင်လတတိယအပတ်မှစ၍ တနင်္သာရီတိုင်း မြိတ်ခရိုင် ပုလောမြို့အနီး တွင် စစ်တပ်နှင့် ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့နှင့် ၎င်းတို့၏မဟာမိတ်တပ်ဖွဲ့များ အကြား တိုက်ပွဲပြင်းထန်စွာ ဖြစ်ပွားနေသည်။
တိုက်ပွဲကြောင့် ပလမြို့နှင့် အနီးအနားကျေးရွာများမှ ဒေသခံပြည်သူ (၅,၀၀၀) ကျော်သည်လည်း ထွက်ပြေးတိမ်းရှောင်နေရပြီး စစ်ရှောင်ကာလကြာမြင့်လာသည့် အတွက် မိကျောင်းသိုက်၊ သာမြိုင်ပြင်နှင့် ကျောက်ဖြူကျေးရွာများမှ စစ်ရှောင်ပြည် သူ (၃,၀၀၀) သည် စားနပ်ရိက္ခာနှင့် အမိုးအကာအတွက် အကူအညီလိုအပ်နေသည်။

(ဂ) ၂၀၂၅ ဩဂုတ်လဆန်းပိုင်းမှစ၍ တနင်္သာရီတိုင်း ရေဖြူမြို့နယ် အမှတ် (၈) ပြည်ထောင်စုလမ်းမကြီး၏ “မလွှဲတောင်-ကလိန်အောင်” ကားလမ်းပိုင်းတလျှောက်တွင် စစ်ရေးတင်းမာနေပြီး တိုက်ပွဲများ ပြင်းထန်နေခြင်းကြောင့် ကျေးရွာ (၆) ရွာမှ ဒေသခံပြည်သူ (၄,၀၀၀) ကျော်သည် ထွက်ပြေးတိမ်းရှောင်နေရသည်။

## (၆) အသက်မွေးဝမ်းကျောင်း

ပြီးခဲ့သည့် ဩဂုတ် (၂၃) ရက်မှ (၂၅) ရက်နေ့အထိ သုံးရက်ဆက်တိုက် ထိတွေ့တိုက်ပွဲဖြစ်ပွားနေတဲ့ ရန်ကုန်- ထားဝယ်လမ်းပိုင်းဖြစ်သည့် အမှတ် (၈) ပြည်ထောင်စုလမ်းမကြီး မလွှဲတောင်နှင့် ကလိန်အောင်လမ်းပိုင်း သွားလာမှုကို တော်လှန်ရေးတပ်ဖွဲ့ဝင်ဘက် ဩဂုတ် (၂၆) ရက်နေ့ ညနေ (၃) နာရီခန့်မှစတင်ကာ ခရီးသွားဖြတ်သန်းသွားလာခွင့်ကို ကန့်သတ်ပိတ်ပင်လာခဲ့သည်။

ထို့အပြင် မလွှဲတောင်စစ်ကော်မရှင် စစ်ဆေးရေးဂိတ်တွင်လည်း စစ်ဆေးတင်းကြပ်လာနေသည့်အတွက် ခရီးသွားပြည်သူများ အခက်အခဲဖြင့် ကြုံတွေ့နေရသည်။

## (၇) မတရားညှင်းပမ်းနှိပ်စက်ခြင်း

၂၀၂၅ ဩဂုတ်လ (၉) ရက်နေ့ နေ့ခင်း (၂) နာရီ မိနစ် (၃၀) အချိန်တွင် တနင်္သာရီတိုင်း လောင်းလုံးမြို့နယ် ပြင်းထိန်ကျေးရွာကို စစ်ကော်မရှင်တပ်သားများ ဝင်ရောက်လာပြီး ရွာသား(၄) ဦးကို ဖမ်းဆီးကာ နေအိမ် (၂) လုံးမှ ငွေသားနှင့် လက်ကိုင်ဖုန်းများကို လုယက်သွားခဲ့သည်။

**“နေအိမ်တစ်ဆောင်ကနေ ဖုန်း (၁) လုံးနဲ့ ပိုက်ဆံ (၁) သိန်း ယူသွားတယ်။ နောက်တစ်အိမ်ကပိုက်ဆံ (၈၀,၀၀၀) ပါသွားတယ်။ အမျိုးသား (၄) ယောက်ကို ဖမ်းသွားတယ်။ အသက် (၄၀) ကျော် တစ်ယောက်က မလိုက်နိုင်ဘူး ပြောတော့ ရိုက်နက်ကန်ကျောက်ပြီး မြောင်းထဲပစ်ချထားခဲ့တယ်”** ဟု ပြင်းထိန်ရွာသားတစ်ဦးက ပြောသည်။

ရိုက်နှက်ခံခဲ့ရသည့်ရွာသားသည် လက်ရှိတွင် ထားဝယ်ပြည်သူ့ဆေးရုံကြီး၌ ဆေးကုသမှုခံယူနေပြီး အခြားဖမ်းဆီးခံရွာသား (၃) ဦးသည် ဩဂုတ်လ (၁၁) ရက်နေ့တွင် ပြန်လည်လွတ်မြောက်လာကြသည်။

# မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ မွန်ပြည်နယ်၊ ကရင်ပြည်နယ် တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု ဒေတာမှတ်တမ်း


စစ်ဘေးဒုက္ခသည်၊ သတ်ဖြတ်မှု နှင့် ဒဏ်ရာအနာတရ ရရှိသူ အရေအတွက်

ဩဂုတ်လ ၂၀၂၅

## မွန်ပြည်နယ်


၉၅၀၀


၁၅


၂၅

## ကရင်ပြည်နယ်


၁၇၅၀၀+


၁၃


၂၇

## တနင်္သာရီတိုင်းဒေသ


၂၂၅၀၀


၁၄


၄၀

# မွန်ပြည်လူ့အခွင့်ရေးဖောင်ဒေးရှင်း

မွန်ပြည့်လူ့အခွင့်အရေး ဖောင်ဒေးရှင်းကို ၁၉၈၈ လှုပ်ရှားမှုတွင် ပါဝင်ခဲ့သည့် ဒီမိုကရေစီစနစ်ကို အားပေးထောက်ခံသော ကျောင်းသားများ၊ တက်ကြွသော လှုပ်ရှားသူများ၊ မွန်လူထုခေါင်းဆောင်များနှင့် လူငယ်များ စုပေါင်းတည်ထောင်ခဲ့ခြင်း ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားရေး၊ လူ့အခွင့်အရေး ရရှိရေးနှင့် စစ်မှန်သော ငြိမ်းချမ်းရေးပေါ်ပေါက်ရေးတို့ကို အဓိကရည်ရွယ်ချက်ဖြင့် ထားရှိကာ ထူထောင်ခဲ့ခြင်း ဖြစ်သည်။ မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းသည် အကျိုးအမြတ်မယူသော အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး အဖွဲ့ဝင်များအားလုံးသည် တူညီသော ရည်မှန်းချက်ပန်းတိုင်ကို တူညီသော အတွေးအမြင်များဖြင့် ချီတက်နေကြသော စေတနာ့ ဝန်ထမ်းများဖြစ်သည်။ မွန်ဒေသနှင့် မြန်မာနိုင်ငံ တောင်ပိုင်း ဒေသများမှ လူ့အခွင့်အရေး အခြေအနေများကို စောင့်ကြည့်လေ့လာခြင်းဖြင့် မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် ထွန်းကားလာစေရန် ဒေသဆိုင်ရာ တိုင်းရင်းသားလူ့အခွင့်အရေး အဖွဲ့တစ်ဖွဲ့ အနေဖြင့် ကျရာတာဝန်ကို ထမ်းဆောင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပြုပြင်ပြောင်းလဲရေးများ ထုတ်ဝေခြင်းဖြင့် တွန်းအားပေးလျက်ရှိသည်။ မွန်လုထုအသံ ဟူသော စာစောင်ကို ပုံမှန်ထုတ်ဝေလျက်ရှိပြီး လူ့အခွင့်အရေးဆိုင်ရာ အစီရင်ခံစာများကိုလည်း အခါအားလျော်စွာ ထုတ်ဝေလျက်ရှိသည်။

ပန်းတိုင်  နိုင်ငံသားအားလုံး လူ့အခွင့်အရေးကို အပြည့်အဝ ရရှိခံစားနိုင်စေရန်။

## ရည်ရွယ်ချက်

(၁) လူ့အခွင့်အရေးနှင့်ပတ်သက်သော သတင်းများ ပြည်သူလူထုအကြား ပိုမိုပျံ့နှံ့ သိရှိနိုင်စေရန်။

(၂)  လူ့အခွင့်အရေးနှင့် ပတ်သက်၍ ပြည်သူလူထုကို ပညာပေးလှုံ့ ဆော်ရန်။

(၃) လူ့အခွင့်အရေးနှင့် ပတ်သက်သော လှုပ်ရှားမှုများတွင် ပြည်သူများ ပူးပေါင်းပါဝင်လာစေရန်။

## စာဖတ်သူများထံမှ ဝေဖန်အကြံပြုစာ တောင်းခံခြင်း ချစ်ခင်လေးစားရပါသော စာဖတ်သူများခင်ဗျား

မြန်မာနိုင်ငံ  လူ့အခွင့်အရေးကို  ကာကွယ်မြှင့်တင်ရန်  ရည်ရွယ်ချက်ဖြင့်  မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးစာစောင်ကို ထုတ်ဝေလျက်ရှိသည်။ သတင်းအချက်အလက်နှင့်ပတ်သက်၍ အချိန်နောက်ကျခြင်းများ ဖြစ်ပေါ်ခဲ့ပါက ဤအချက်အလက်များ တိကျသေချာစေရန် အကြိမ်ကြိမ် အထပ်ထပ်စစ်ဆေးနေရခြင်းကြောင့်  ဖြစ်ပါသဖြင့် စာဖတ်သူများမှ နားလည်ပေး စေလိုပါကြောင်း မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ အနူးအညွတ် တောင်းပန်အပ်ပါသည်။ ကျွန်ုပ်တို့ထံသို့ ဝေဖန်အကြံပြုစာ ပေးပို့လို၍ဖြစ်စေ ကျွန်ုပ်တို့၏ စာစောင်ကို ပေးပို့  စေလို၍ဖြစ်စေ အောက်ပါလိပ်စာအတိုင်း ပေးပို့နိုင်ပါသည်။ စာစောင်ပေးပို့ စေလိုပါက ပေးပို့ စေလိုသော  လူပုဂ္ဂိုလ်၏ နာမည်နှင့် လိပ်စာအပြည့်အစုံကို ပေးပို့စေလိုပါသည်။

ရိုသေလေးစားစွာဖြင့်
ဒါရိုက်တာ
မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်း

Rehmonnya.org

Human Rights Foundation of Monland (Burma)
P. O. Box 2237
General Post Office
Bangkok 10501, THAILAND